# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၂)


**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ပြီး လုပ်သားများအတွက် အလုပ်အကိုင်အများဆုံးပေးနိုင်သည့် ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို အားကောင်းစေသော အဓိက အင်ဂျင်တစ်ခုမှာ MSMEs ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြား

# မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တိုင်းပြည်သာယာဝပြောရေးအတွက် အားလုံးပူးပေါင်းအကောင်အထည်ဖော်**

ဦးစွာနိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းပြည်သာယာဝပြောရေးအတွက် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ❂

## ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

နေပြည်တော် ဇွန် ၂၃

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့" အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍



## လွိုင်လင်မြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

လွိုင်လင် ဇွန် ၂၃

လွိုင်လင်မြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သဘာဝဘေးဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။ အယ်မင်း(လွိုင်လင်)





## ထိုင်းနိုင်ငံရှိ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရ မြန်မာအလုပ်သမားအား ခံစားခွင့်များရရှိရန် ညှိနှိုင်းပေး

ရန်ကုန် ဇွန် ၂၃

ထိုင်းနိုင်ငံလုပ်ငန်းခွင်အတွင်း မတော်တဆ အက်ဆစ်ဖျန်းမိ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာအလုပ်သမားတစ်ဦးအား ဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး အလုပ်သမားသံမှူးက သွားရောက်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ❑

## ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရှိရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အဂတိကင်းစင်ရန်လိုအပ်

ရန်ကုန် ဇွန် ၂၃

နိုင်ငံတကာခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၌ အဂတိတရားကင်းစင်ရန် လိုအပ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက ပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ◆


ယနေ့ ဖတ်စရာ

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ**

လွှတ်တော်ရေးရာ | စာ ၈

**၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံ ရွှေစာရံ - အောင်ပင်လယ် ဓာတ်အားလိုင်း Switchbay ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်**

ပြည်တွင်းသတင်း | စာ ၁၃

❂ ရှေ့ဖုံးမှ

အလိုက် အားလုံးပူးပေါင်း၍ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ကဏ္ဍအလိုက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုလာမည့် ဘဏ္ဍာနှစ်အတွင်း ပညာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ အဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို**

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းနေဆဲပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ပြီးခဲ့သည့် လဆန်းပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး မကြာမီရက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်သွားရောက်ခဲ့ကြောင်း၊ ထိုသို့ခရီးစဉ်များသွားရောက်စဉ် မိမိတို့နိုင်ငံတွင် ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည် ဖြစ်သကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် သွင်းအားစုများရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်မှ အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သဖြင့် လိုအပ်သည်များကို သင်ကြားပြသပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ အားလုံးလည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို**

ယခုအခါ မိုးရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် စိုက်ပျိုးရန်သတ်မှတ်ထားသည့် သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်(၄)ချက်ကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိမှသာ အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက်လည်း လိုအပ်သည့် သွင်းအားစုများ




**❝ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလို၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက် ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်း❞**

ဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေးနှင့် အောင်ရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး နည်းစနစ်တကျ စိုက်ပျိုးရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရန် သတ်မှတ်ထားသည့် သီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ကျွဲနွားများကို တရားမဝင်တင်ပို့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွဲနွားများ ရှားပါးလာသည်ကိုတွေ့ရှိရကြောင်း၊ ကျွဲနှင့်နွားများရှားပါးလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများပိုမိုတိုးတက်မွေးမြူနိုင်ရေး မွေးမြူရေးဇုန်များဖြင့် တစ်အုပ်တစ်မမွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နို့စားနွားများကိုပါ ထည့်သွင်းမွေးမြူသွားရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် စားသောက်ရေးကိုအထောက်အကူပြုစေမည့် ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးများကိုလည်း တိုးတက်မွေးမြူသွားကြရန်လိုကြောင်း။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်**

ပညာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်နှံမှုများမှာ ၇ သန်း ၂ သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ KG+9 အထိသင်ကြားမည်ဆိုပါက ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးဖြင့် အချို့အခြေခံပညာကျောင်းများကို ဖျက်သိမ်းခြင်းနှင့် အချို့ကိုပေါင်းစည်းသင်ကြားခြင်းများဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ နယ်မြေလုံခြုံမှုရှိသည့် ဒေသများမှ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းသားကျောင်းသူများ အပြည့်အဝ တက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းများအဆင့်မြှင့်တင်လိုခြင်းနှင့်ပတ်သက်၍ ဒေသရှိ ကျောင်းတက်ရောက်သင်ကြားနိုင်မည့် ကျောင်းနေအရွယ်ကလေးငယ်များ၏ လူဦးရေအချိုးနှင့်တွက်ချက်၍ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် သင်ကြားရေးဝန်ထမ်းလိုအပ်ချက်များ၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစီမံဆောင်ရွက်ရသည်ဖြစ်သဖြင့် စနစ်တကျတွက်ချက်ပြီးမှသာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်**

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ စနစ်တကျသင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အားကစားတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ကာယနည်းပြဆရာများ၊ အားကစားနည်းပြဆရာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်အလိုက် အားကစားပြိုင်ပွဲများကို စနစ်တကျဖြင့် ကျင်းပပြုလုပ်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များရှိနေသေးသဖြင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အားများအား စနစ်တကျသုံးစွဲရန်လို**

လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲနေမှုများနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံနှင့် အကိုက်ညီဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှ တင်သွင်းရန်မလိုသည့် ကျောက်မီးသွေးမှလည်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သဖြင့် မိမိတို့နိုင်ငံတွင်လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရန် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(EV)ကားများကို ပြည်တွင်း၌ပင် အစမှအဆုံးထုတ်လုပ်ပြီး ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ပြည်တွင်း၌ သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**ဒေသဝမ်းစာဖူလုံရေး**

ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်ရန် အခက်အခဲရှိသည့် အချို့သော ဒေသများ၌လည်း ဝမ်းစာဖူလုံမှုရှိစေရေး နိုင်ငံတော်မှ တတ်နိုင်သရွေ့နည်းလမ်းရှာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊ မြေပဲ စသည့် ဆီထွက်သီးနှံများ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းစေရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပြည်သူများ၏လိုလားချက်များနှင့် မိမိတို့၏မူဝါဒသဘောထားများကိုက်ညီမှုရှိစေရေး ပြည်သူများ၏အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုကောင်းရှိရန်လိုပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရန်လိုကြောင်း၊ မိမိတို့ကွပ်ကဲရသည့် ဝန်ထမ်းများနှင့် မိသားစုများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများနှင့် ပတ်သက်၍လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို မိမိတို့ဖြေရှင်းပေးနိုင်သည့်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများ၏ လိုလားချက်ကို မှန်ကန်စွာ သိရှိနိုင်မှသာလျှင် ဖြေရှင်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လည်းလိုကြောင်း၊ အစိုးရအနေဖြင့် မိမိတို့ဖြစ်လိုသည်များကို မူဝါဒချမှတ်ဆောင်ရွက်ရသည်ဖြစ်သော်လည်း ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခြင်းမျိုးမဖြစ်ရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်ဖြင့် ကဏ္ဍအလိုက်၊ အလွှာအလိုက် လိုလားချက်များ၊ သဘောသဘာဝများ တူညီမှုရှိမည်မဟုတ်သည့်အတွက် ပြည်သူများ၏ လိုလားချက်များနှင့် မိမိတို့၏ မူဝါဒသဘောထားများကိုက်ညီမှုရှိစေရေး ပြည်သူများ၏အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံမှ ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြားခဲ့သည်။ ထိုသို့ ပြည်တွင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် –



**Eleven Media Group**
**အယ်ဒီတာချုပ် ဦးကျော်ဇေလင်း။** သမ္မတကြီးတို့ သမ္မတအဖြစ်ပြောင်းလဲတာဝန်ထမ်းဆောင်တဲ့ ရက် ၁၀၀ မပြည့်မီမှာ အိန္ဒိယ၊ အခု တရုတ်နိုင်ငံကြီး နှစ်နိုင်ငံက ခေါင်းဆောင်တွေနဲ့ သမ္မတကြီး တွေ့ခွင့်ရတယ်။ ပြီးတော့ ဒါမတိုင်ခင်လည်း နိုင်ငံ ငါးနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေက နေပြည်တော်မှာ သမ္မတကြီးကို လာရောက်တွေ့ဆုံကြတယ်။ သိထားတဲ့ အချက်အလက်တွေအရလည်း နိုင်ငံခြားရေးဝန်ကြီးတွေ၊ အခြားသံတမန်တွေက သမ္မတကြီးကို တွေ့ဆုံဖို့ ရှိနေတာတွေ ထပ်ပြီးရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ငါးနှစ်တာ သံတမန်ရေးဆိုင်ရာ အထီးကျန်မှုကနေ အခုလို ပြောင်းလဲလာတဲ့အနေအထားက မြန်မာနိုင်ငံအတွက်၊ မြန်မာပြည်သူတွေအတွက် ဘယ်လိုအပေါင်းလက္ခဏာဆောင်တဲ့အရာတွေ ဖြစ်မယ် ထင်ပါသလဲ ခင်ဗျာ။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေးကတော့ သက်ဆိုင်ရာနိုင်ငံတွေအတွက် အရေးပါတဲ့ ကဏ္ဍမှာရှိတယ်။ သံတမန်ဆက်ဆံရေးပါ။ ခေါင်းဆောင်တွေရဲ့ ဆက်ဆံရေးရှိမယ်၊ ပြီးတော့ အစိုးရချင်းဆက်ဆံရေးရှိမယ်၊ သံတမန်ရေးရာဆက်ဆံမှုရှိမယ်၊ စီးပွားရေးအရ ဆက်ဆံမှုတွေရှိမယ်၊ ကဏ္ဍပေါင်းစုံရှိတယ်။ ခုနက ခင်ဗျားမေးတဲ့ ငါးနှစ်တာကာလအတွင်းမှာ အထီးကျန်ခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့က ကြိုးစားပါတယ်။ တကယ်တော့ နိုင်ငံရေးအရ လုပ်တာပါ။ ကျွန်တော်တို့က ကျွန်တော်တို့ လက်ခံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ကို ခိုင်ခိုင်မာမာ ကျင့်သုံးမယ်ဆိုပြီး ဆုံးဖြတ်ပြီး လုပ်လာခဲ့တာပါ။ အဲဒီနိုင်ငံရေးစနစ်ကို ကောင်းကောင်းမွန်မွန်လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီလိုအခြေအနေတွေ ဖြစ်လာခဲ့တာပါ။ ကျွန်တော်တို့ အခုရအောင်ပြောင်းလဲခဲ့ပြီ။ ကျွန်တော်တို့ ဒီဟာကို ခိုင်ခိုင်မာမာဖြစ်အောင်လုပ်သွားမယ်။ အဲဒါဆိုရင် နိုင်ငံတကာဆက်ဆံရေးမှာ မြန်မာနိုင်ငံရဲ့ ပါဝင်မှုဟာ မူလအခြေအနေထက် ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ကျွန်တော်ယူဆတယ်။ ခင်ဗျား ခုနကမေးလိုက်တဲ့ အခြားနိုင်ငံတွေလည်း လာကြလိမ့်မယ်ဆိုတာ မှန်ပါတယ်။ လာကြဖို့လည်း ကမ်းလှမ်းထားတာရှိသလို ကျွန်တော့်ကိုလည်း လာဖို့ဖိတ်ထားတဲ့ နိုင်ငံတွေလည်းရှိတယ်။ ထို့အတူပဲ နိုင်ငံခြားရေးဝန်ကြီးတို့၊ သက်ဆိုင်ရာ Counter Part ဝန်ကြီးတွေ၊ ဝန်ကြီးဌာနဝန်ကြီးတွေ အတူတူပဲဖြစ်ကြတယ်။ နောက်တစ်ခါ အဖွဲ့အစည်းတွေ လူငယ်တွေကစပြီးတော့ ကျန်တဲ့ Institution တွေနဲ့ အမျိုးစုံပဲ ဖိတ်ကြတယ်။ ကျွန်တော်တို့ဆီလည်း လာကြတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေချည်းပဲ ဖြစ်မယ်။ ဒါကို ကျွန်တော်တို့က ကောင်းကောင်းအသုံးချရမယ်၊ မှန်မှန်ကန်ကန်လည်း အသုံးချဖို့လိုတယ်။ အဲဒီအပေါ်မှာ ရိုးရိုးသားသားလည်း အသုံးချဖို့ လိုတယ်။ အမြတ်ထုတ်ဖို့တော့ သွားလုပ်လို့ မရဘူး။ အမြတ်ထုတ်မယ့် ရည်ရွယ်ချက်ရှိရင် ဘယ်တော့မှ မခိုင်မာဘူး။ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်လုပ်မယ်ဆိုရင် ခိုင်ခိုင်မာမာဖြစ်မယ်။ အခု ကျွန်တော်တို့သွားတဲ့ နိုင်ငံရေးစနစ်ရော၊ စီးပွားရေးစနစ်ရော တကယ်ရိုးရိုးသားသားနဲ့ တိုင်းပြည်ကောင်းအောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ နိုင်ငံတကာဆက်ဆံရေးမှာလည်း တကယ်ရိုးရိုးသားသားနဲ့ ဆက်ဆံတယ်။ ကျွန်တော်တို့က နိုင်ငံအားလုံးနဲ့နိုင်ငံရေးမှာ လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးတယ်။ ဒါက တကယ့် အခိုင်မာဆုံးပဲ။ နောက်တစ်ခါ အိန္ဒိယနဲ့ တရုတ်ဆိုလို့ရှိရင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံထားတဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကြောင့် ဒီအပေါ်မှာ အခြေခံပြီး လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ အင်မတန်ကောင်းတယ်လို့ ကျွန်တော်ပြောချင်တယ်။

**မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို(ကိုကို–စက်မှုတက္ကသိုလ်)။** တရုတ်နိုင်ငံရဲ့ Belt and Road Initiative နဲ့ မြန်မာနိုင်ငံရဲ့ ဒေသတွင်း ချိတ်ဆက်မှုအလားအလာတွေကို ပေါင်းစပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ တရုတ်၊ အာဆီယံနဲ့ အိန္ဒိယသမုဒ္ဒရာ ချိတ်ဆက်ပေးတဲ့ မဟာဗျူဟာမြောက် Land Bridge ကျွန်တော်တို့ ကုန်းတွင်းတံတားနိုင်ငံအဖြစ်နဲ့ရှိမယ်လို့လည်း ပြောကြပါတယ်။ အဲဒီတော့ ကုန်းတွင်း Land Bridge တံတားနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကို သမ္မတကြီးအနေနဲ့ ပိုမိုဆောင်ရွက်သွားဖို့ အစီအစဉ်များရှိပါသလားခင်ဗျား။

**နိုင်ငံတော်သမ္မတ။** တကယ်တော့ မြန်မာနိုင်ငံက ခုန Land Bridge နိုင်ငံတင်မဟုတ်ဘူး။ တကယ့်ဆုံချက်နိုင်ငံ ဖြစ်နေတာပါ။ ဆုံချက်ဆိုတာမှာ တော်တော်ကို ကြီးမားတဲ့ Impact ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယသမုဒ္ဒရာဘက်သွားမယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်ဘက်က နိုင်ငံတွေ၊ အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် လမ်းစတွေ ပေါ်လာပြီဆိုတော့ အဲဒီအခွင့်အလမ်းတွေ အများကြီးကို ကျွန်တော်တို့ အသုံးချလို့ရပါတယ်။ ဒါကတစ်ခု၊ တရုတ်နိုင်ငံအတွက်ပါ။ နောက်တစ်ခါ အိန္ဒိယနိုင်ငံဘက်က ပြန်ကြည့်ရင် အိန္ဒိယကလည်း သူတို့ဘက်က အခြေအနေပေးရင် တရုတ်ဘက် ဆက်သွယ်မှု၊ သူတို့လည်း သူတို့နယ်နိမိတ် ချိတ်ဆက်နေတဲ့ အပိုင်းတွေရှိတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံတွေ တရုတ်နိုင်ငံဘက်သွားမယ်ဆိုရင် competition လုပ်လို့ရတဲ့ နယ်ပယ်တွေမှာ သူတို့ လုပ်ခွင့်ရှိမှာပါ။ ဒီလိုပဲ အာဆီယံနိုင်ငံဆိုလည်း သူတို့သွားလို့ရမယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတင်မကဘူး။ တခြားနိုင်ငံတွေကလည်း မြန်မာနိုင်ငံကို အခြေပြုပြီးတော့ အိန္ဒိယနိုင်ငံသွားမလား၊ တရုတ်နိုင်ငံသွားမလား၊ အာဆီယံသွားမလား။ ဒါကို ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ အဲဒီလို အသုံးချနိုင်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းရေးက အရေးကြီးတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးတည်ငြိမ်အေးချမ်းမှု၊ ပြည်သူလူထုရဲ့ ဘဝတွေ တည်ငြိမ်အေးချမ်းမှု၊ ဘဝတည်ငြိမ်အေးချမ်းမှုရှိဖို့လိုတယ်။ နိုင်ငံရေးက နိုင်ငံရေးကတစ်ပိုင်း၊ ပြည်သူလူထုရဲ့ ဘဝကတစ်ပိုင်း၊ မတူဘူး၊ ကွဲပြားခြားနားပါတယ်။ ဒီလိုသာ လုပ်မယ်ဆိုရင်၊ အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်က အခြေအနေကောင်းတွေ အများကြီးရှိတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးကျော်ဇေလင်း။** သမ္မတကြီး ဒီကာလအတွင်းမှာ တွေ့ဆုံခဲ့တဲ့ နိုင်ငံကြီးနှစ်နိုင်ငံ တရုတ်ရယ်၊ အိန္ဒိယရယ်ပါ၊ သူတို့ရဲ့ purchasing power parity အရ ကျွန်တော်တို့ တရုတ်ဆိုရင် အဆင့် ကမ္ဘာ့အဆင့်တစ်၊ အိန္ဒိယဆို အဆင့်သုံးရှိပါတယ်။ သူတို့ရဲ့ ဝယ်ယူနိုင်စွမ်းအားကောင်းတဲ့ နိုင်ငံတွေ၊ အိန္ဒိယဆိုရင် အိန္ဒိယ–မြန်မာ–ထိုင်း လမ်းကြောင်းကို သူတို့က အဓိကထားတယ်။ တရုတ်ဆိုရင် BRI ပါ။ အဲဒီတော့ ဒီလမ်းတွေ အမြန်ဆုံးဖြစ်လာဖို့ သမ္မတကြီးအနေနဲ့ ဘယ်လိုအစီအစဉ်ရှိပါသလဲ။ ဒါနဲ့ ဆက်စပ်ပြီးတော့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့တဲ့အချိန်၊ မိုဒီနဲ့ တွေ့တဲ့အချိန်မှာ ကျွန်တော်တို့ ဒီစီမံကိန်းကြီးတွေနဲ့ လုံခြုံရေးကို အလေးထားဖို့ အိန္ဒိယရော၊ တရုတ်ရော ပြောတာကို တွေ့ရပါတယ်။ အဲဒီတော့ သမ္မတကြီးတို့ အစိုးရသစ်အနေနဲ့ ဒီလုံခြုံရေးပိုင်းဆိုင်ရာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** လုံခြုံရေးပိုင်းဆိုင်ရာ ကိုင်တွယ်မှုဆိုတာမှာ တရားဥပဒေစိုးမိုးရေး ရှိရမှာပါ။ တရားဥပဒေစိုးမိုးရေးရှိရင် လုံခြုံရေးဆိုတာ သူ့ဟာသူဖြစ်လာမှာပါ။ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးနဲ့ ဆက်စပ်သလိုပဲ တစ်ဖက်က နိုင်ငံရေးကလည်း တည်ငြိမ်အေးချမ်းမှုရှိရတယ်။ နိုင်ငံရေးလမ်းကြောင်း မှန်ကန်လို့ရှိရင် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက သူ့ဟာသူ အလိုလိုပါလာလိမ့်မယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု မရှိလို့ရှိရင်၊ မမျှတဘူး ဖြစ်နေပြီဆိုရင် တည်ငြိမ်အေးချမ်းမှုက ပြဿနာရှိမယ်။ ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်း ပြန်ကြည့်ပါ။ နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေရှိတယ်။ ထွက်ပေါက်တွေပါ။ ကျွန်တော်တို့ အခုက ပါတီစုံဒီမိုကရေစီသွားနေတဲ့အချိန်ပါ။ ကျွန်တော်တို့ ဒါကို မှန်မှန်ကန်ကန်အသုံးချပြီး လုပ်မယ်ဆိုရင် စောစောကပြောတဲ့ အင်အားကြီး နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခွင့်အလမ်းတွေက မြန်မာနိုင်ငံကနေ Cross-border တွေပါ။ ကျွန်တော်တို့ ခုနကပြောတဲ့ သုံးနိုင်ငံ အိန္ဒိယကနေ မြန်မာ၊ မြန်မာကနေ ထိုင်း၊ အဲဒါတင်မကဘူး။ အိန္ဒိယကနေပြီးတော့ တရုတ်ကို သွားလို့ရတယ်၊ တရုတ်ကလည်း ဒီလိုပဲ၊ ကျွန်တော်တို့ဆီက လာမယ်၊ ကျွန်တော်တို့ဆီကနေ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာဆီယံသွားမယ်။ ပြီးတော့ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကနေပြီးတော့ အနောက်ဘက်က နိုင်ငံတွေ အကုန်လုံးသွားလို့ရတယ်။ နည်းတဲ့ ကြီးမားတဲ့ အခွင့်အရေးမဟုတ်ဘူး။ နှစ်နိုင်ငံပဲ ကြည့်လိုက်ရင် လူဦးရေ သန်းပေါင်း ၃၂၀၀ ကျော်ရှိတဲ့ ဈေးကွက်ကြီးပါ။ သူတို့အတွက်က မြန်မာနိုင်ငံက ဈေးကွက်သေးပါတယ်။ သို့သော် မြန်မာနိုင်ငံကတော့ တကယ့်ကြီးမားတဲ့ ဈေးကွက်ကြီးပါ။ ပြောရရင်တော့ ရေကန်နဲ့ သမုဒ္ဒရာ ကွာသလို ကွာခြားမှုရှိတယ်။ ကျွန်တော်တို့က အသုံးချနိုင်ဖို့ လိုတယ်။ ခုနကပြောတဲ့ တည်ငြိမ်အေးချမ်းမှုက ဘာအထောက်အကူရမလဲ၊ တည်ငြိမ်အေးချမ်းမှုရှိမှ အထောက်အကူရမှာပါ။ တည်ငြိမ်အေးချမ်းမှုမရှိရင် အထောက်အကူမရဘူး။ အဲဒီတော့ တည်ငြိမ်အေးချမ်းမှုရှိဖို့ဆိုရင် နိုင်ငံရေးကအရေးကြီးဆုံးပဲ။ နိုင်ငံရေးကို ကျွန်တော်တို့က တကယ်ခိုင်မာအောင် လုပ်ဖို့လိုတယ်။ ဒါကို ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိဖို့လိုတယ်။ ဒါပေမယ့် နိုင်ငံရေးကို ဘယ်လောက်ပဲ ကျွန်တော်တို့က ယုံကြည်မှုရှိအောင် လုပ်ပေးပေး၊ ပြည်သူလူထုရဲ့ Concept လည်းလိုတယ်။ သူတို့ရဲ့ အတွေးအခေါ်တွေ လိုက်ပါနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးရမှာပါ။ ဒါက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ အများကြီးရှိတယ်။ ဒါကတစ်နှစ်၊ နှစ်နှစ်နဲ့ မရောက်ဘူး။ လေး၊ ငါးနှစ်နဲ့လည်း မရောက်ဘူး။ ၁၀ နှစ်လောက်၊ ၁၅ နှစ်လောက် ကျွန်တော်တို့ ကြိုးစားရမယ်။ အရေးကြီးတာကတော့ တိုင်းပြည်ပေါ်မှာ ကောင်းစေချင်တဲ့ စိတ်ရှိတယ်ဆိုတဲ့ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ပဲ။ တိုင်းပြည်ကို ကောင်းအောင်လုပ်မယ်ဆိုတဲ့ နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်း၊ ပြည်သူလူထုအားလုံးပါတယ်။ ဟိုတစ်ကွက် ဒီတစ်ကွက်၊ ဟိုလူချန်ခဲ့ ဒီလူချန်ခဲ့ လုပ်လို့မရဘူး။ အကုန်လုံးပါရမယ်။ တစ်ခုခုပြဿနာရှိရင်၊ ခံစားချက်ရှိရင် သူတို့က ပြဿနာရှာနေမှာပါပဲ။ ပြဿနာရှာလို့ အခုလို နိုင်ငံရေးမတည်မငြိမ်မှုတွေ ဖြစ်တာပါ။ ပြဿနာမရှာအောင် လုပ်ဖို့ဆိုတာ ဥပဒေနဲ့ စည်းကမ်းနဲ့အညီပဲ သွားလို့ရတယ်။ လူဆိုတာ မျိုးစုံဆန္ဒရှိမယ်၊ မတူနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့က စည်းမျဉ်းစည်းကမ်းဥပဒေနဲ့ပဲ သွားရမယ်။ ဥပဒေနဲ့လုပ်ရမှာလည်း တောင့်တောင့်တင်းတင်းကြီး လုပ်ဖို့မဟုတ်ဘူး။ Relax ဖြစ်ရမှာပါ။ ဒါကို ကျွန်တော်တို့က ပြည်သူတွေ စိတ်ချမ်းသာအောင် လုပ်ပေးရမယ်။ ပြောရမယ်ဆိုရင် ဒါကအဖြေပဲ။ ပြည်သူ စိတ်ချမ်းသာအောင် လုပ်ပေးရမယ်။

**ဦးကိုကို။** ကျွန်တော်တို့ ဒီနေ့ ကမ္ဘာ့အခြေအနေကို ကြည့်မယ်ဆိုရင် Multipolar world လို့ခေါ်တဲ့ ဝင်ရိုးစွန်း ဝင်ရိုးစွန်းအပွားအစုံများ ပိုမိုပြီးတော့ ပေါ်လွင်လာတာ တွေ့ရပါတယ်။ အဲဒီ Multipolar world ကြောင့်လည်း နိုင်ငံငယ်လေးတွေက မိတ်ဖက်ဆက်ဆံရေးတွေ

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

အခြားနိုင်ငံတွေနဲ့ ပိုပြီးတိုးမြှင့်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သမ္မတကြီးဆီကနေ သိချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးလာတယ်။ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးကလည်း တိုးမြှင့်လာတယ်၊ မြှင့်တင်လာတယ်။ အဲဒီ ချစ်ကြည်ရင်းနှီးမှုကို ဆက်ဆံရေးကို အခြေခံပြီးတော့ ဒီထွန်းသစ်စပြုလာတဲ့ ကျွန်တော်တို့ Multipolar world အစီအစဉ်မှာ အခွင့်အလမ်းတွေ ဘယ်လိုမျိုး ယူရနိုင်မလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ။** အများကြီးရှိတယ်။ ကမ္ဘာ့နိုင်ငံတွေ ကြည့်လိုက်ပါ။အကုန်လုံးကတော့ သူတို့က လိုလားချက် အကုန်ရှိကြတာချည်းပဲ။ အရင်ကတော့ Unipolar၊ Bipolar ဒီလို သွားကြတာကိုး။ Unipolar နဲ့ ဖြစ်ကြတယ်။ Unipolar မှာလည်း ခံရတယ်၊ Bipolar မှာလည်း ပြိုင်ဘက်တွေရှိတော့ ပိုပြီးတော့ ပါလာတယ်၊ ဒီပြဿနာရှိတယ်။ Multipolar ဆိုတာကတော့ ဖြစ်နိုင်လို့ရှိရင် နိုင်ငံ အားလုံးနိုင်ငံနဲ့လည်းရှိမယ်၊ Region လိုက်လည်း ရှိမယ်၊ Group လိုက်လည်းရှိမယ်။ ဒီကနေ ယှဉ်ပြိုင်ပြီးတော့ လုပ်လာမယ်ဆိုရင် နိုင်ငံအားလုံး တူညီတဲ့ အကျိုးခံစားရမယ်။ ဘာမှ ခွဲခြားမှုမရှိဘူး။ လူမျိုးရေးအရ ခွဲခြားမှု၊ အသားအရောင်အရ ခွဲခြားမှု၊ ဘာသာရေးအရ ခွဲခြားမှု၊ ဒေသအရ ခွဲခြားမှု ဒါတွေမရှိအောင် ကျွန်တော်တို့ လုပ်ရမယ်။ ဒီလိုသာလုပ်မယ်ဆိုရင် ကမ္ဘာကြီးက တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်မှု ရှိသွားလိမ့်မယ်။ ဒါကို ကျွန်တော်တို့ အသုံးချနိုင်ဖို့လိုတယ်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၆ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည် -

**ရှမ်းပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| စဝ်သာဦး | အစား | ဦးထွန်းမြင့်ဦး |
| ၁၃/တကန(နိုင်)၀၁၈၈၉၇ | | ၁၃/တကန(နိုင်)၀၄၈၀၂၇ |
| မိုင်းပန်မြို့နယ် | | မိုင်းပန်မြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းတပ်နယ်ရှိ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။** (အောက်ပုံ)

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲမသမာမှုများ ဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်က တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ထိုသို့ နိုင်ငံတော်၏ တာဝန်အား တပ်မတော်က ဆောင်ရွက်ခဲ့ရမှုအပေါ် မသမာသူများ၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် ဆူပူမှုမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည်အထိ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါ အကြမ်းဖက် လုပ်ရပ်များအား ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်မပြိုကွဲရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ မထိပါးစေရန်အတွက် အသက်ကို ပဓာနမထားဘဲ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အသိအမှတ်ပြုဂုဏ်ယူပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် အဖွဲ့အစည်းများက နိုင်ငံရေးအကြောင်းပြ၍ ဆူပူအကြမ်းဖက်မှု လုပ်ငန်းများကို လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအနှံ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အား အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သည် အင်အား တောင့်တင်းခိုင်မာရန်လိုကြောင်း၊ ထိုသို့ အင်အား တောင့်တင်း ခိုင်မာရန်အတွက် တပ်မတော်သားများ အနေဖြင့် ခြေလျင်၊ ခြေမြန်၊ လက်ရုံးတပ်ဖွဲ့ဟူ၍ မခွဲခြားဘဲ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်တန်းကျောင်းများမှ အဆင့်အလိုက် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ အလားတူ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ်




လေ့လာနေကြရန်လိုကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ သို့မှသာ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကို တစ်ဦးတစ်ယောက်ချင်း မှစ၍ အဖွဲ့အစည်းအလိုက် ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများ အနေဖြင့် တစ်ဦးချင်း၏ တိုက်စွမ်းရည်များ တိုးတက်နေစေရန် အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ စွမ်းရည်ထက်မြက်သော တပ်မတော် ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း အမိန့်နာခံတတ်မှုရှိပြီး ရဲဘော်စိတ်ဖြင့် ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

စစ်သည် တစ်ဦးချင်းအလိုက် မိမိတတ်ကျွမ်းရမည့် စစ်အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင်တတ်ကျွမ်းအောင်လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးသည့် စစ်အတတ်ပညာများကို မိမိစစ်ဆင်ရေးတာဝန် ထမ်းဆောင်ရမည့် နယ်မြေ၊ ရန်သူအပေါ်မူတည်ပြီး မြေပြင်အခြေအနေနှင့် အညီ ကိုက်ညီအောင် အသုံးချရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်ရန်လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေသည့် အနေအထိုင် အစားအသောက်များကိုရှောင်ကြဉ်ကြရန်လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကိုယ်ကျိုးအတွက်သာကြည့်ပြီး နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ တရားမဝင်တူးဖော်ရောင်းချခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကျဆင်းရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်အောင် ဆောင်ရွက်နေမှုများကို တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များ အနေဖြင့် ပါရမီဖြည့်ဖက်ကောင်း ပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍လည်း ပညာရည်မြှင့်တင်ရေး ပိုင်းဆိုင်ရာများကို အစဉ်မပြတ်မြှင့်တင်ပေးလျက်ရှိပြီး မိမိတို့၏ သားသမီးများ၊ မိသားစုဝင်များကို ပညာတတ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များကို ဦးစီး၊ ဦးဆောင်ပြုလုပ်ရသည့် ခေါင်းဆောင်များသည် မိဘသဖွယ် စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်တို့ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားကာ စေတနာထားပြီး လက်အောက်ငယ်သားများအပေါ် အမြဲစည်းလုံးညီညွတ်မှုရှိအောင် ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အန္တရာယ်ရှိသည့် ဆေးခြောက်နှင့် ဘိန်းစာရွက် သုံးစွဲခြင်း

ကိုကိုချွန် (မော်လမြိုင်)

**မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများတွင် ဆေးခြောက်နှင့် ဆေးခြောက်ပါဝင်သော အစားအသောက်များ သုံးစွဲခြင်းကို ဥပဒေအရတားမြစ်ထားပါသည်။ သို့သော်နိုင်ငံအချို့၌ ဆေးခြောက်ပင် စိုက်ပျိုးမှု၊ သုံးစွဲမှု၊ သယ်ဆောင်ရောင်းဝယ်မှုများကို အကန့်အသတ်ဖြင့် ခွင့်ပြုပေးထားသည်ကိုလည်း တွေ့ရပါသည်။**

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဆေးခြောက်စိုက်ပျိုးမှု၊ သုံးစွဲမှုကို အကန့်အသတ်ဖြင့် ခွင့်ပြုပေးထားပါသည်။ သက်ရောက်မှုအနေဖြင့် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသများမှတစ်ဆင့် ဆေးခြောက်၊ ဆေးခြောက်ပါဝင်သော အစားအသောက်နှင့်ပစ္စည်းအမျိုးမျိုးက လမ်းကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေပါသည်။ မြန်မာနိုင်ငံတွင် ဆေးခြောက်ကို မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားပြီး မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများအရ အခြားမူးယစ်ဆေးဝါးများနည်းတူ ထိရောက်စွာ အရေးယူလျက်ရှိပါသည်။

ဆေးခြောက်သုံးစွဲနိုင်သည့် ပုံစံမျိုးစုံရှိပြီး လက်ရှိတွင် တရားမဝင် ဆေးခြောက်သုံးစွဲမှုများ မြင့်တက်နေပါသည်။ ဆေးခြောက်ပါဝင်သော မုန့်များ၊ အချိုရည်များ၊ သကြားလုံးများ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသကဲ့သို့ လူငယ်ထုအကြား ခေတ်စားနေသော အီးစီးကရက် (e-cigarette) တွင် အသုံးပြုသည့် Vape အဆီများ၌လည်း ဆေးခြောက်အဆီများ ထည့်သွင်းအသုံးပြုနေသည်ကို တွေ့ရှိနေရပါသည်။ လူငယ်ထုအကြား ထင်မှတ်မှားစွာဖြင့် ဆေးခြောက်သုံးစွဲမှုများ တစ်နေ့တခြား မြင့်မားလာခြင်းသည် အနာဂတ်နိုင်ငံအတွက် ရင်လေးဖွယ်ရာ ဖြစ်ပါသည်။

ဆေးခြောက်သည် စိတ်ပိုင်းဆိုင်ရာ ရောဂါများဖြစ်သည့် စိုးရိမ်ပူပန်မှု၊ စိတ်ကျရောဂါနှင့် ပြင်းထန်သည့် စိတ်ဝေဒနာသည်များကို ကုသနိုင်သည်ဟု ထင်မှတ်ထားကြသော်လည်း ဩစတြေးလျပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်ဖြင့် အထက်ပါရောဂါများကို ကုသခြင်းက ထိရောက်မှုရှိသည်ဟူသော သက်သေအထောက်အထားပြသရန် လွန်စွာနည်းပါးကြောင်း ထုတ်ပြန်ထားပါသည်။ အချို့သော လေ့လာဆန်းစစ်မှုများက ဆေးခြောက်သည် စိတ်ရောဂါများကို ကုသရာတွင် ထိရောက်မှုမရှိကြောင်းနှင့် စိတ်ရောဂါများကို ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း တွေ့ရှိထားပါသည်။ ဆေးခြောက်သုံးစွဲမှုကြာရှည်လာပါက စိတ်ထင်ယောင်ထင်မှားဖြစ်ခြင်း၊ စိတ်အာရုံမှောက်မှားခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ဆေးခြောက်တွင် Cannabinoids ဓာတ်ပေါင်း ၁၀၀ ကျော်ပါဝင်နေပြီး အရေးကြီးဆုံးသော ဓာတ်ပေါင်းမှာ Tetrahydro cannabinol (THC) ဓာတ်ပေါင်း ဖြစ်ပါသည်။ ထိုဓာတ်ပေါင်းသည် သုံးစွဲသူ၏ စိတ်ကိုပြောင်းလဲစေသည့် ဂုဏ်သတ္တိရှိပါသည်။ လူငယ်ဘဝတွင် ဆေးခြောက်သုံးစွဲပါက ဦးနှောက်ဖွံ့ဖြိုးမှုကို နိမ့်ကျစေပြီး စိတ်ကျန်းမာရေးကို ထိခိုက်စေမည် ဖြစ်ပါသည်။

ဆယ်ကျော်သက်အရွယ် လူငယ်များ (အသက် ၂၅ နှစ် ဝန်းကျင်အထိ) တွင် ဦးနှောက်ဖွံ့ဖြိုးဆဲကာလဖြစ်သဖြင့် ဆေးခြောက်သုံးစွဲပါက ဦးနှောက်ဖွံ့ဖြိုးမှုကို နိမ့်ကျစေပြီး ပြဿနာဖြေရှင်းခြင်းနှင့် တွေးခေါ်မြော်မြင်မှုအပိုင်းတွင် ခက်ခဲခြင်း၊ မှတ်ဉာဏ်နှင့် စာသင်ကြားမှုတွင် ခက်ခဲခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် ပူးပေါင်းဆောင်ရွက်မှုနည်းပါးလာခြင်း၊ အာရုံစူးစိုက်မှု နည်းပါးလာခြင်း၊ တုံ့ပြန်မှုနှေးကွေးလာခြင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် လူနေမှုဘဝတွင် အဆင်မပြေတော့ခြင်း စသည့် ပြဿနာများ ဖြစ်ပေါ်လာစေပါသည်။ လူငယ်ဘဝမှ စတင်ပြီး ဆေးခြောက်သုံးစွဲခဲ့သူများတွင် သုံးစွဲမှုကို






ဆေးခြောက်ဘလောက်တုံးနှင့် ဆေးခြောက်ထုတ်ကုန်ပစ္စည်းများ။

ဘိန်းစာရွက်မှထုတ်လုပ်သည့် ထုတ်ကုန်များ။

- **လူငယ်များအနေဖြင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ တိုက်တွန်းမှု/ တွန်းအားပေးမှု၊ အတန်းဖော်များအကြား ထင်ပေါ်လိုမှု၊ လူငယ်သဘာဝ စမ်းသပ်လိုမှု၊ အတွေ့အကြုံ ရယူလိုမှုများကြောင့် ဆေးခြောက်စတင်သုံးစွဲမှုများသည် အနာဂတ်မိမိဘဝ၏ ပန်းခင်းလမ်းကို ဖျက်ဆီးနေခြင်းပင်ဖြစ်**
- **လူငယ်များအနေဖြင့် ဆေးခြောက်သုံးစွဲမှုများကို ရှောင်ရှားခြင်း၊ ကျောင်းနှင့်ဝန်းကျင်တွင် ဆေးလိပ်၊ အီးစီးကရက်သောက်သုံးမှုကို တားမြစ်ခြင်းနှင့် ဖမ်းဆီးခြင်း၊ အသိပညာပေးခြင်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော ဆေးခြောက်များကို တားဆီးခြင်း၊ စုံစမ်းထောက်လှမ်းဖမ်းဆီးခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်**

ဖြတ်တောက်လိုက်သော်လည်း ပျက်စီးသွားသော ဦးနှောက်အစိတ်အပိုင်းများ ပြန်လည်ကောင်းမွန်လာခြင်းမရှိတော့သည်ကို တွေ့ရပါသည်။

စစ်ပြန်များ၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကြောင့် စိတ်ကျနေသူများတွင် ဆေးခြောက်စတင်သုံးစွဲစဉ်က ခံစားရမှုများ လျော့ပါးသက်သာလာသည်ဟု ထင်ရသော်လည်း သုံးစွဲမှုကြာလာသည်နှင့်အမျှ စိတ်ရောဂါကို ပိုမိုဆိုးရွားသွားစေပါသည်။ လူငယ်ထုကြားတွင် ထင်ပေါ်လိုသည့်အတွက် သုံးစွဲခြင်း၊ အပေါင်းအသင်းများ၏ တိုက်တွန်းမှုကြောင့် သုံးစွဲခြင်းများမှ စတင်ခဲ့သော်လည်း ဆေးခြောက်သုံးစွဲသူ လူငယ် ၁၀ ဦးတွင် ၃ ဦးမှာ ဆေးစွဲသည့်အဆင့်အထိ ရောက်ရှိသွားစေနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမှတစ်ဆင့် စာပေသင်ကြားမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် အနာဂတ်ပျောက်ဆုံးသွားသော သူတစ်ဦးအဖြစ် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

လက်ရှိကာလတွင် လူငယ်ထုအကြား ဆေးခြောက်ပါဝင်သော ဆေးလိပ်သောက်သုံးခြင်းအပြင် ဆေးခြောက်အဆီပါဝင်သော e-cigarette (Vaping) သောက်သုံးမှုများ မြင့်တက်နေပါသည်။ မူးယစ်ဆေးဝါးတို့၏ အစွမ်းသတ္တိအတိုင်း ဆေးခြောက်သုံးစွဲခြင်းသည် လူကို စွဲလမ်းစေပြီး နောက်ပိုင်းတွင် ဆေးခြောက်သုံးစွဲမှု ပမာဏမြင့်မားလာကာ မသုံးစွဲရမနေနိုင်သည့်အဆင့်ထိ ရောက်ရှိသွားစေပါသည်။ သုံးစွဲမှုမြင့်မားလာပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများ၊ အစာအိမ်နှင့်သက်ဆိုင်သော ရောဂါများ၊ ကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်မားလာမှုနှင့် စိုးရိမ်ကြောင့်ကြမှု၊ ပူပန်မှု၊ စိတ်ကျရောဂါ၊ ထင်ယောင်ထင်မှားဖြစ်မှုအပါအဝင် စိတ်ပိုင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေပါသည်။

နယ်စပ်ဒေသများတွင် ဆေးခြောက်အလွယ်တကူ ရရှိနိုင်မှုနှင့် လူငယ်ထုအကြား ဆေးခြောက်သုံးစွဲမှုမြင့်မားလာခြင်းသည် အနာဂတ်ကာလအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်ပါသည်။ နယ်စပ်ဒေသများတွင် နေထိုင်သူများ၊ အလုပ်အကိုင်အခွင့်အလမ်းအရ ရွှေ့ပြောင်းသွားလာသူများသည် နယ်စပ်အား ဖြတ်သန်းပြီး ဆေးခြောက်သုံးစွဲခွင့်ပြုထားသည့် တစ်ဖက်နိုင်ငံတွင် သုံးစွဲနေရာမှ ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ တစ်ဖက်နိုင်ငံအတွင်း နေထိုင်နေသူ မြန်မာနိုင်ငံသားအချို့မှာ ဆေးခြောက်သုံးစွဲနေသည့်အပြင် ဆေးခြောက်နှင့် ဆေးခြောက်ပါဝင်သော ကုန်ပစ္စည်းများကို နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံအတွင်းသို့ ခိုးသွင်းနေမှုများ မြင့်မားနေပါသည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှ ၂၀၂၃ ခုနှစ်အတွင်း ဆေးခြောက်အမှု ၄၇၇ မှုမှ ၆၈၆ ကီလိုကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၄၇၈ မှုမှ ၁,၁၈၅ ကီလိုကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဆေးခြောက်ဖမ်းဆီးရမိမှု ၃၈၆ မှုမှာ ၈၇၉ ကီလိုကျော်ရှိခဲ့ပြီး အများစုမှာ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော ဆေးခြောက်ဘလောက်တုံးများဖြစ်သည်ကို ဖမ်းဆီးရမိမှုများအရ တွေ့ရပါသည်။

ဆေးခြောက်သုံးစွဲမှုများ မြင့်မားလာခြင်း၊ ဆေးခြောက် သယ်ဆောင်ရောင်းဝယ်မှုများ မြင့်တက်လာခြင်းနှင့် အလွယ်တကူ ရရှိနိုင်ခြင်းက နောက်ပိုင်းတွင် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများကို မလွဲမသွေဖြေရှင်းလာရတော့မည်ဖြစ်ပါသည်။ လူငယ်ထုအကြား ဆေးခြောက်သုံးစွဲမှု မြင့်တက်လာခြင်းကြောင့် ဉာဏ်ရည်နိမ့်ပါးခြင်း၊ ပညာသင်ကြားရန် ခက်ခဲလာခြင်းများက အနာဂတ်လူငယ်များအတွက် ကြီးမားသော အဟန့်အတားကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

လူငယ်များအနေဖြင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ တိုက်တွန်းမှု/ တွန်းအားပေးမှု၊ အတန်းဖော်များအကြား ထင်ပေါ်လိုမှု၊ လူငယ်သဘာဝ စမ်းသပ်လိုမှု၊ အတွေ့အကြုံ ရယူလိုမှုများကြောင့် ဆေးခြောက် စတင်သုံးစွဲမှုများသည် အနာဂတ်မိမိဘဝ၏ ပန်းခင်းလမ်းကို ဖျက်ဆီးနေခြင်းပင်ဖြစ်ပါသည်။ လူငယ်များအနေဖြင့် ဆေးခြောက်သုံးစွဲမှုများကို ရှောင်ရှားခြင်း၊ ကျောင်းနှင့်ဝန်းကျင်တွင် ဆေးလိပ်၊ အီးစီးကရက် သောက်သုံးမှုကို တားမြစ်ခြင်းနှင့် ဖမ်းဆီးခြင်း၊ အသိပညာပေးခြင်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော ဆေးခြောက်များကို တားဆီးခြင်း၊ စုံစမ်းထောက်လှမ်းဖမ်းဆီးခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဆေးခြောက်ကဲ့သို့ပင် ဘိန်းစာရွက်နှင့် ဘိန်းစာရွက်ပါဝင်သော စားသောက်ကုန်ပစ္စည်းများက နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိပါသည်။ ဘိန်းစာရွက်ကို မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားပြီး ဘိန်းစာပင်စိုက်ပျိုးခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများနှင့် ဘိန်းစာရွက် အာနိသင်ပါရှိသော အစားအသောက်နှင့် ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချခြင်းကို ဥပဒေအရ တားမြစ်ထားပါသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဘင်္ဂလားဒေ့ရှ်... 



# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

## စားနပ်ရိက္ခာနှင့်စွမ်းအင်လုံခြုံရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်** ဇွန် ၂၃

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်** ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဘင်းမ်စတက် ပူးပေါင်း ဆောင်ရွက်မှုအောက်တွင် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဘင်းမ်စတက်နိုင်ငံများ၏ စားရေရိက္ခာဖူလုံရေးကို ပိုမိုအလေးထားပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် မွေးမြူရေးပူးပေါင်း ဆောင်ရွက်ရန် ရေးဆွဲထားပြီးဖြစ်သည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို စနစ်တကျစောင့်ကြည့်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်မှုများ ပိုမိုအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသန ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဖလှယ်ရေး၊ နည်းပညာလွှဲပြောင်းရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော်** ဇွန် ၂၃

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်ရေးရာဝန်ကြီးဌာနသည် အားကိုးထိုက်သည့် အရည်အချင်း၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူငယ်မောင်မယ်များ ဖြစ်လာစေရန်အတွက် ယခုကဲ့သို့ လူငယ်အသိပညာပေးဟောပြောပွဲများ ကျင်းပပြီး လေ့ကျင့်ပေးလျက်ရှိကြောင်း၊ လူငယ်များကို လူ့အဖွဲ့အစည်း၏ အနာဂတ် ခေါင်းဆောင်ဆိုသည့် မျှော်လင့်ချက်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး စည်းကမ်းရှိသည့်၊ စိတ်ထားကောင်းမွန်ပြီး စိတ်ဓာတ်မြင့်မားသည့် တိုင်းကျိုးပြည်ပြုလူငယ်များ ဖြစ်လာစေလိုကြောင်း တိုက်တွန်းပြောကြားပြီး အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း အတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးထွန်းထွန်းတို့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဆွေးနွေးဟောပြောမည့် လူငယ်ကိုယ်စားလှယ်တို့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် လူငယ်နှင့် မိုဘိုင်းဖုန်း/ မူးယစ်ဆေးဝါး အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိများ မေးမြန်းခြင်းတို့ ဆောင်ရွက်ပြီး ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဘိန်းစာရွက်တွင်ပါဝင်သော ဓာတ်ပေါင်းသည် ဘိန်းသုံးစွဲရာတွင် ဖြစ်ပေါ်လာသော အာနိသင်အတိုင်း ဖြစ်ပေါ်လာပါသည်။ ဘိန်းစာရွက်သုံးစွဲမှုက ဦးနှောက်နှင့် ဗဟိုအာရုံကြောစနစ်ကို လှုံ့ဆော်ပေးပြီး မော်ဖင်းသုံးစွဲမှုကဲ့သို့ အကိုက်အခဲပျောက်စေခြင်း၊ ခံစားမှုမြင့်မားလာခြင်း စသောဂုဏ်သတ္တိများ ရှိပါသည်။ မူးယစ်စေနိုင်သည့် အစွမ်းသတ္တိနှင့် စိတ်ကြွစေသည့် အစွမ်းသတ္တိ နှစ်မျိုးစလုံးကို ဖြစ်ပေါ်စေပါသည်။ သုံးစွဲမှုအစောပိုင်းတွင် တက်တက်ကြွကြွရှိခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ နာကျင်ကိုက်ခဲမှု မခံစားရခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ သုံးစွဲမှုကြာလာသည်နှင့်အမျှ ထပ်တိုးသုံးစွဲလိုခြင်း၊ မသုံးရမနေနိုင်ဖြစ်လာခြင်းနှင့် နောက်ဆုံးတွင် ဘိန်း၊ ဆေးခြောက်သုံးစွဲမှုကဲ့သို့ စွဲလမ်းမှုကို ဖြစ်ပေါ်လာစေပါသည်။

ယခင်က ဘိန်းစာရွက်အား မြန်မာနိုင်ငံ တောင်ပိုင်း တနင်္သာရီဒေသတွင် အလုပ်ကြမ်းလုပ်ကိုင်ရသူများက အမောအပန်းခံနိုင်ရန်နှင့် တိုင်းရင်းဆေးဝါးအဖြစ်သာ သုံးစွဲခဲ့ပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဘိန်းစာရွက်အား တရားဝင်အသုံးပြုခွင့်ပေးထားသဖြင့် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံ နယ်စပ်မြို့များတွင် ဘိန်းစာရွက်သုံးစွဲမှုများ ကျယ်ပြန့်လာသည်ကို တွေ့ရပါသည်။ နယ်စပ်ဒေသရှိ လူငယ်ထုအတွင်း အချို့ရည်သောက်သုံးနေသကဲ့သို့ ဘိန်းစာရည်များကို သောက်သုံးနေလျက်ရှိပါသည်။ အချို့သောကျေးရွာများတွင် အလှူ/ဧည့်ခံပွဲများ၌ပင် တရားဝင်ခွင့်ပြုထားသကဲ့သို့ ဧည့်သည်များအား တည်ခင်းဧည့်ခံလျက်ရှိသည်ကို တွေ့နေရပါသည်။

ရောင်းချသူအများစုမှာ မူးယစ်ဥပဒေများအရ အရေးယူခံရမည်ကို သိရှိထားသော်လည်း သုံးစွဲသူအများစုမှာ မူးယစ်ဆေးဝါးဖြစ်ကြောင်း မသိရှိခြင်းကပင် တားဆီးနှိမ်နင်းရေးအတွက် ကြီးစွာသောအဟန့်အတားကို ဖြစ်ပေါ်စေပါသည်။ မြန်မာနိုင်ငံအတွင်း ဘိန်းစာရွက် သယ်ဆောင်၊ ရောင်းချသဖြင့် ဖမ်းဆီးအရေးယူခံရမှုပေါင်းမှာ ၂၀၂၄ ခုနှစ်တွင် အမှုပေါင်း ၆၂ မှုမှ တရားခံ ၁၄၉ ဦးအား မူးယစ်ဥပဒေဖြင့် ဖမ်းဆီးအရေးယူထားရပြီး ၂၀၂၅ ခုနှစ်တွင် အမှုပေါင်း ၆၂ မှုမှ တရားခံ ၁၄၈ ဦးအား မူးယစ်ဥပဒေဖြင့် ဖမ်းဆီးအရေးယူထားရပါသည်။

ဘိန်းစာရွက်သုံးစွဲမှု ကြာလာပါက ကိုယ်တွင်းကလီစာများ အထူးသဖြင့် အသည်း၊ ကျောက်ကပ်တို့၏ လုပ်ငန်းများ ပျက်စီးစေခြင်း၊ နှလုံးခုန်နှုန်းမမှန်ခြင်း၊ အာရုံကြောဆိုင်ရာ မူမမှန်ခြင်းနှင့် ဦးနှောက်အတွင်း အရည်မြင့်မားခြင်းတို့ ဖြစ်ပေါ်လာပါသည်။ ဘိန်းစာရွက်ရေရှည်သုံးစွဲရာမှ ရပ်ဆိုင်းလိုက်ပါက ဘိန်းစာရွက်အား စွဲလမ်းသည့်လက္ခဏာများ ပေါ်ပေါက်လာပါသည်။ ၂၀၂၄ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ဘိန်းစာရွက်သုံးစွဲခြင်းကြောင့် ပထမဦးဆုံး သေဆုံးသူတစ်ဦးရှိကြောင်း သိရှိရပါသည်။ ဘိန်းစာရွက်သည် ဆေးကုသရာတွင် အသုံးပြုနိုင်သည်ဟူသော လုံလောက်သည့် လေ့လာစမ်းသပ်မှုများ မရှိသေးသဖြင့် ဆေးဝါးထုတ်ကုန်အဖြစ် သုံးစွဲနိုင်ကြောင်း ထောက်ခံထားမှုများမရှိသည်ကို တွေ့ရပါသည်။

ဘိန်းစာရွက်မှ ပြုပြင်ထုတ်လုပ်ထားသည့် အစားအသောက်များသည် ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်မရှိသဖြင့် ဥရောပဈေးကွက်တွင် တင်သွင်းရောင်းချခွင့်ကို တားဆီးထားပါသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက ဘိန်းစာရွက်သုံးစွဲမှုအား တရားဝင် ထိန်းချုပ်ထားပါသည်။ အသက် ၁၂ နှစ်နှင့်အထက် အမေရိကန်လူငယ် ၁ ဒသမ ၇ သန်းသည် ဘိန်းစာရွက်ကို ၂၀၂၁ ခုနှစ်အတွင်း သုံးစွဲခဲ့ကြောင်း ခန့်မှန်းထားရှိပါသည်။

မြန်မာနိုင်ငံသည် ယခင်ရှိရင်းစွဲ မူးယစ်ဆေးဝါးပြဿနာကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေရှင်းဆောင်ရွက်နေစဉ် ယခုကဲ့သို့ ဆေးခြောက်နှင့် ဘိန်းစာရွက်တို့၏ ပြဿနာကလည်း နောက်တိုးပြဿနာအဖြစ် ပေါ်ပေါက်လာပါသည်။ နယ်စပ်ဒေသများရှိ ပြည်သူများသုံးစွဲရာမှ လက်ရှိကာလတွင် နယ်စပ်နှင့်နီးစပ်ရာဒေသများမှ မြို့ပြများသို့ပါ ရောက်ရှိလာပါသည်။ အထင်မှား၊ အမြင်မှား၊ အယူအဆမှားများကြောင့် ဘိန်းစာရွက်နှင့် ဆေးခြောက်သုံးစွဲမှုများကို တားမြစ်ရန် လိုအပ်လာပြီဖြစ်ပါသည်။

ဘိန်းစာရွက် ဖျော်ရည်များ၊ ဘိန်းစာရွက်ပါဝင်သော စားသောက်ကုန်များ သုံးစွဲမှုသည် မြို့ပြများအထိ ကူးစက်လာပြီဖြစ်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ မိဘများအနေဖြင့်လည်း ဘိန်းစာရွက်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများရှိရန်လိုအပ်ပြီး မိမိသားသမီးများထံ အသိပညာပေးခြင်းနှင့် စောင့်ကြည့်ခြင်းများ ပြုလုပ်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော်  ဇွန်  ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက် ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းကူးနှင့် မြစ်ကူး တံတားများ တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း ၍ မေးခွန်း ၈ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် တလုတ္တော်၊ ကရင်စု၊ အုတ်ကျင်း ကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၎င်းလမ်းအား ၂၂ ပေ မြေသားတာပေါင်တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း နှင့်** စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အဆိုပါ လမ်းအရှည် ၇ ဖာလုံအား ကွန်ကရစ်လမ်းခင်းပေးမည် ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၃၄ ဒသမ ၅၆၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၃ ရွာ၊ အိမ်ခြေ ၃၆၆ အိမ်၊ လူဦးရေ ၂၇၁၄ ဦးကို အကျိုးပြုမည်ဖြစ်ပါ ကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာ ဗျူဟာအပေါ်အခြေခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စား လှယ်ကြီးများပူးပေါင်း၍ ကျေးရွာ၊ အိမ်ခြေ၊ ဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၁၇–၂၀၁၈ ခု ဘဏ္ဍာ ရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည် ဖြစ်ပြီး ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့် အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့မြောက်ဘက် ၈ မိုင်ခန့်ရှိ ဝမ်းသာ–ဟံဇား–သာဂရ ကျေးရွာချင်းဆက် ကျောက်ချောလမ်း အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက သာစည်မြို့နယ် ဝမ်းသာ–ဟံဇား–သာဂရလမ်းသည် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် Class (A) အဆင့် လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကတ္တရာလမ်း ၂ မိုင် ၂ ဒသမ ၅၇ ဖာလုံ၊ ကျောက်ချောလမ်း ၆ မိုင် ဝ ဒသမ ၉၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် ဝ ဒသမ ၄၆ ဖာလုံ၊ စုစုပေါင်းလမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိပါကြောင်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဝမ်းသာရွာနှင့် ဟံဇား ရွာကြားရှိ ၄ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှု တို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသော အမာခံလမ်းပိုင်း ၄ ဒသမ ၄၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း




ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု နေပူရွာမှ ရွှေတချောင်း မြောင်းပေါင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်း သွားလာမှုအတွက် အခက်အခဲ များစွာဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မတ္တရာမြို့နယ် နေပူကျေးရွာနှင့် ရွှေတချောင်း မြောင်းပေါင်လမ်း လမ်းအရှည် ၁ မိုင် ၂ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက် မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၃၆၁ ဒသမ ဝ၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၆ ရွာ၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၇၆ဝ ကို အကျိုးပြုမည်ဖြစ်ပါ ကြောင်း။

အဆိုပါလမ်းသည် လက်ရှိတွင် ကျောက်ချော လမ်းအဆင့်ဖြစ်ပြီး လမ်းပြတ်တောက်မှုမရှိဘဲ ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်ပါကြောင်း၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေအပေါ် မူတည်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ခြင်းလုပ်ငန်းကို ဦးစားပေးလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက် ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့ လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး) ကို ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း သင့်လျော် မည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇမိမြစ်ကူး တံတား(ကြာအင်းဆိပ်ကြီး) တည်ဆောက်မည် ဆိုပါက Google map တွင် တိုင်းတာချက်အရ မြစ်ကမ်းပါးနှစ်ဖက်အကွာအဝေးမှာ ပေ ၆ဝဝ ခန့် ရှိပြီး ချဉ်းကပ်တံတားအပါအဝင် စုစုပေါင်း တံတား အရှည်မှာ ပေ ၂၅ဝဝ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့်မြစ်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄ဝ နှင့် ရေလမ်း ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေ level မှ ပေ ၃ဝ ခန့် အနည်းဆုံးရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဆက်သွယ်သွားလာနိုင်မည့် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး) ကို လတ်တလောနယ်မြေအခြေအနေအရ တံတား မတည်ဆောက်မီ လိုအပ်သော ပဏာမကြိုတင် ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုလုပ်ငန်းများ ဖြစ်သည့် တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နယ်မြေအေးချမ်း တည်ငြိမ်လာသည့် အချိန်မှသာလျှင် ဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **ဟိုယ–တန့်ယန်းလမ်း မိုင်းရယ်မြို့နယ်အပိုင်း လွယ်ပန် တောင်ကြောအတက်အဆင်းမှ လမ်းကွေ့ ၅ ခုအား ကွန်ကရစ်လမ်းဖြင့် အစားထိုးပေးရန်၊ တန့်ယန်း မြို့နယ် ကတ္တရာလမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ ခြင်းကို ၄ မိုင်ခန့် ဆက်လက်လုပ်ဆောင်ပေးရန်နှင့် မြို့အဝင်မုခ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းအပိုင်းရှိ "ပတ္တမြား" စက်သုံးဆီဆိုင် အထိနှင့် နောင်ဖော လမ်းအပိုင်းရှိ "ပြည့်ဝ" စက်သုံး ဆီဆိုင်အနီးအထိ ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဟိုယ–တန့်ယန်းလမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၆–၂၀၁၇ ဘဏ္ဍာ ရေးနှစ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာ မျက်နှာပြင်လွှာညှိခြင်း ၇ ဒသမ ၅ ဖာလုံ၊ ကတ္တရာ လမ်းများပြုပြင်ခြင်း ၅ ဒသမ ၇၅ ဖာလုံနှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ လွယ်ပန်တောင်ကြောအပိုင်း မတ်စောက်သော လမ်းကွေ့နေရာ ၅ ကွေ့အား ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် နိုင်ရေးအတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင် ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဟိုယ – တန့်ယန်းလမ်း၏ တန့်ယန်းမြို့နယ် အပိုင်း ကတ္တရာလမ်းချဲ့ရန် ၇ မိုင် ၅ ဖာလုံကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း။

ဟိုယ–တန့်ယန်းလမ်း ၃ဝ မိုင်(တန့်ယန်းမြို့အဝင် အောင်တော်မူစေတီ)မှ ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံအထိ ၂ မိုင် ၂ ဒသမ ၅ ဖာလုံသည် ၁၈ ပေအကျယ် ကတ္တရာ လမ်းဖြစ်ပြီး ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံမှ ၃၃ မိုင် (ထွန်းခမ်းဟိုတယ်ရှေ့)အထိ ၅ ဒသမ ၅ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းပြီးဖြစ်ပါကြောင်း။

တန့်ယန်း – မိုင်းကောင် – တာမဆွန်လမ်း၏ တန့်ယန်းမြို့တွင်း လမ်းအပိုင်းဖြစ်သည့် (ဝ)မိုင် (ထွန်းခမ်းဟိုတယ်ရှေ့)မှ (ပတ္တမြားဆီဆိုင်)ရှေ့အထိ ၇ ဖာလုံမှာ ၁၈ ပေအကျယ် လမ်းပိုင်းပေါ်တွင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၊ ၆ ဖာလုံနှင့် ၇ ဖာလုံကြား ကတ္တရာမျက်နှာပြင်လွှာ ညှိခြင်းလုပ်ငန်း၊ ၂ ဖာလုံနှင့် ၃ ဖာလုံအတွင်း ရေလည် ဘုရားရှေ့နေရာ ပေ ၅၅ဝ အား ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

တန့်ယန်းမြို့တွင်း လမ်းပိုင်းများအား ၂၄ ပေ အကျယ် တစ်စပ်တစ်ဆက်တည်းဖြစ်စေရန် ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက် ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း–နောင်ဖောလမ်း၏ မြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံမှ ၁ မိုင် ၇ ဖာလုံအထိ ၃ ဖာလုံကို ပထမအဆင့်အနေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ်သို့ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက် ရန်နှင့် (ဝ) မိုင်မှ ၁ မိုင် ၇ ဖာလုံအထိ ၁ မိုင် ၇ ဖာလုံ အား ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်း ပြည်နယ် လမ်းဦးစီးဌာနမှ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပွင်ချင်းကျေးရွာအုပ်စုတို့အား ဆက်သွယ် မည့် မှော်ဝန်းချောင်းကူးတံတားအား အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်တန်း မြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပွင်ချင်းကျေးရွာ တို့အား ဆက်သွယ်သွားလာနိုင်မည့် မှော်ဝန်းချောင်း တံတားတည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် တံတားများပြုပြင်ခြင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားများ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောအနေဖြင့် မှော်ဝန်းချောင်းတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း၊ တိုးတက်လာသည့် ခရီးသွား၊ ယာဉ်စီးရေတို့အပေါ် မူတည်ပြီးမှသာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုလည်း ရန်ပုံ ငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **ရှမ်းတော–မင်းလှ–အင်းဘုတ်ကုန်း– မိုးညိုလမ်း (မိုးညိုမြို့နယ် အပိုင်)အား ၂၀၁၆– ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိ သော ၅ မိုင် ၁ ဖာလုံအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း ၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းတော–မင်းလှ– အင်းဘုတ်ကုန်း–မိုးညိုလမ်း၏ မိုးညိုမြို့နယ်အပိုင်း သည် ၁၈ ပေအကျယ်ဖြစ်ပြီး ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သတ်မှတ်အပိုင်းလိုက် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချိုင့်ခွက်များ၊ လမ်းအနိမ့်အမြင့် ဖြစ်ပေါ်နေသည့် နေရာများအား ကျောက်ဖြည့်ခင်း၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ရန်လိုအပ်သည့် အပိုင်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာ ၄ ရွာ နှင့် မြစ်သားမြို့နယ်ကျေးရွာများတို့မှ ပြည်သူများ သွားလာနေသည့် ကင်းတားလက်ဝဲမြောင်းမကြီး သည် DY– 16 မှ ရွာဝေသွားသင်ပုန်းဆိုင်ဖွန်အထိ ယာဉ် ၂ စီး ရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ်ပေ ၃၀ ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် နှင့် ဝမ်းတွင်း – ပင်းတလဲလမ်း ၁၄/၀ မိုင်မှာ**

*စာမျက်နှာ ၉ သို့*

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတင့်တူးစိုက်ပျိုးမွေးမြူရေးဇုန် ဖော်ထုတ်နေမှုနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**မကွေး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇွန် ၂၁ ရက် နံနက်ပိုင်းက မကွေးမြို့နယ် ရွာပင်လှကျေးရွာအနီး ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန် ဖော်ထုတ်နေမှုကို ကြည့်ရှုပြီး မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မကွေးမြို့နယ် ထုံးပေါက်တောကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးနိုင်လင်းအောင်၏ မွေးမြူရေးခြံအတွင်း ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**





## တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၃**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြု မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအဖွဲ့များက တစ်ဖွဲ့ချင်းအလိုက် မိတ်ဆက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ) ကို ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲများအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုနှင့် စာပေစကားဝိုင်းကို ကြည့်ရှုအားပေးပြီး စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူများနှင့် ပါဝင်ဆွေးနွေးသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

---

❍ *ရွှေဖုံးမှ*

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI) ခေတ်အတွင်း မျိုးဆက်သစ် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား" ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစား လုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေး ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

❏ *ရွှေဖုံးမှ*

ထိုင်းနိုင်ငံ စမုစခွန်ရှိ လုပ်ငန်းခွင်တစ်ခုရှိ အလုပ်လုပ်ကိုင်နေစဉ် မတော်တဆအက်စစ်ဖျန်းမိသဖြင့် ခန္ဓာကိုယ်နှင့် မျက်လုံးတို့တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့သည့် မြန်မာအလုပ်သမား ဦးစောကြည်လင်းသည် ဆေးဝါးကုသမှုခံယူခဲ့ရပြီး လုပ်ငန်းခွင်ပြန်ဝင်ရန် အခက်အခဲရှိသည့်အတွက် ဇွန် ၁၉ ရက်တွင် အလုပ်သမားသံမှူးနှင့်အဖွဲ့သည် ကာယကံရှင်အလုပ်သမားနှင့်အတူ စမုစခွန်ခရိုင် လူမှုဖူလုံရေးရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ဆရာဝန်ညွှန်ကြားချက်အရ လိုအပ်ပါက အလုပ်မဆင်းနိုင်သည့် ကာလများအတွက် ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော လုပ်ခလစာများနှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံး ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလုပ်သမားသံအရာရှိရုံး (Call Center) 020030015၊ အလုပ်သမားသံမှူး (ဗန်ကောက်) 0618108454၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်)0626890119၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0652206952၊ အလုပ်သမားသံအရာရှိ (မဲဆောက်) 0652206953၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) 0945866607 အလုပ်သမားသံအရာရှိ (ရနောင်း) 0634818121 စသည့် အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်းသိရသည်။

**MT**

---

◆ *ရွှေဖုံးမှ*

ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် အဂတိတရားနှင့်ပတ်သက်သည့် သဘောသဘာဝများကို သိရှိနားလည်စေရန် ရည်ရွယ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်၂၂ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ရသာကွန်ဒို၌ ကျင်းပစဉ် ၎င်းက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အဆိုပါ အသိပညာပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်) တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် အလွန်အရေးကြီးသည့် ကိစ္စရပ်ဖြစ်ပြီး ရိုးသားဖြောင့်မတ်သော စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)ဥက္ကဋ္ဌ ဦးသိန်းဝင်းက ဟိုတယ်လုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် လုပ်ငန်းကဏ္ဍအတွင်းရှိ အားလုံးဝိုင်းဝန်းလက်တွဲလုပ်ဆောင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ဇုန်အတွင်းရှိ ဟိုတယ် ၁၀၀ ခန့်မှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် ရန်ကုန်ဇုန်အတွင်း၌ ဟိုတယ်လုပ်ငန်းပေါင်း ၅၀၀ ကျော်ရှိရာ ယခုပွဲသို့ မတက်ရောက်ရသေးဘဲ ကျန်ရှိနေသည့် ဟိုတယ်လုပ်ငန်းရှင်များကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**TWA**

---

**ရတနာသစ်တော၊ ပြည့်သွေးကြော**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

---

*စာမျက်နှာ ၈ မှ*

**နှစ်စဉ်ပျက်စီးမှုဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကင်းတားလက်ဝဲမြောင်းမကြီးအား ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်နိုင်ရန်အတွက် လမ်းနယ်နိမိတ်အဖြစ် ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းမှုများဆောင်ရွက်ပြီးပါက ကုန်ကျစရိတ်တွက်ချက်ပြီး ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာ ရန်ပုံငွေတွင် လျာထားတင်ပြကာ ရန်ပုံငွေရရှိမှု အခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝမ်းတွင်း–ပင်းတလဲလမ်း၏ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ကတ္တရာလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကျောက်လမ်း ၈ မိုင် ၅ ဒသမ ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေရေး ဥပဒေရေးရာဝန်ကြီးဌာန၏ ခြေလှမ်းသစ်

***ဥပဒေရေးရာဝန်ကြီးဌာန၊ e-Government ဌာနခွဲ***

**မြန်မာနိုင်ငံ၏ပထမဆုံးသော AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေခြင်း**

ခေတ်မီနည်းပညာများကို အသုံးချ၍ ဥပဒေအသိပညာများကို ပိုမိုထိရောက်စွာ ဖြန့်ဝေနိုင်ရေးသည် အရေးကြီးသည့် လိုအပ်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ ထိုသို့သော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence – AI) ဖြင့် ဥပဒေ အသိပညာပြန့်ပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ပထမဆုံး (Pioneer)အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့သော် AI ၏ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဆိုင်ရာ စံနှုန်းများကို တစ်ပြိုင်နက်တည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။ AI နှင့် လူသားဥပဒေပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်ဥပဒေအသိပညာပေးရေးစနစ်၏ အဓိက အခြေခံအုတ်မြစ် ဖြစ်လာမည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဥပဒေအသိပညာပြန့်ပွားစေခြင်းသည် တရားဥပဒေစိုးမိုးရေး၏ အညွှန်းကိန်းတစ်ရပ်ဖြစ်သဖြင့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားစေရန် ဥပဒေရေးရာဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေခြင်းသည် တရားဥပဒေစိုးမိုးရေးဆီသို့ (Moving Forword to the Rule of Law) ခြေလှမ်းသစ် ဖြစ်ပါသည်။

**ဒီဂျစ်တယ်ခေတ်၏ ဥပဒေအသိပညာ ဖြန့်ဝေရေး အခန်းကဏ္ဍ**

ဒီဂျစ်တယ်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ယနေ့ခေတ်တွင် AI သည် လူ့ဘဝ၏ ကဏ္ဍအသီးသီး၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများအပြင် ဥပဒေပညာပေးရေးနယ်ပယ်တွင်လည်း AI နည်းပညာကို အသုံးချနိုင်သည့် အခွင့်အလမ်းများ တိုးပွားလာပါသည်။ ဥပဒေကို အများပြည်သူထံ ပိုမိုလွယ်ကူကျယ်ပြန့်စွာနှင့် ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရန် AI သည် အရေးကြီးသော အထောက်အပံ့ပေးနိုင်သည့် ကိရိယာတစ်ရပ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

လူတိုင်း ဥပဒေအသိပညာရှိရမည်ဟူသော လမ်းညွှန်ချက်ဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့် တရားမျှတမှုလက်လှမ်းမီရေး (Access to Justice) ကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ ဥပဒေသိရှိနားလည်မှုသည် အရေးပါသော အခြေခံ အုတ်မြစ်တစ်ရပ် ဖြစ်သည်ဟူသော အချက်ကို ထင်ရှားစွာ မီးမောင်းထိုးပြလျက်ရှိသည်။ ဥပဒေများကို သိရှိနားလည်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်နိုင်ခြင်း၊ တာဝန်ဝတ္တရားများကို နားလည်နိုင်ခြင်းနှင့် တရားဥပဒေနှင့်အညီ ပြုမူဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည် ဖြစ်ပါသည်။

AI နည်းပညာနှင့် ဥပဒေအသိပညာပေးရေးဆိုသည်မှာ ပြည်သူများအား ၎င်းတို့၏ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

> **❝ လူတိုင်း ဥပဒေအသိပညာရှိရမည်ဟူသော လမ်းညွှန်ချက်ဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့် တရားမျှတမှုလက်လှမ်းမီရေး (Access to Justice) ကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ ဥပဒေသိရှိနားလည်မှုသည် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်ဟူသော အချက်ကို ထင်ရှားစွာ မီးမောင်းထိုးပြလျက်ရှိသည်။ ဥပဒေများကို သိရှိနားလည်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်နိုင်ခြင်း၊ တာဝန် ဝတ္တရားများကို နားလည်နိုင်ခြင်းနှင့် တရားဥပဒေနှင့်အညီ ပြုမူဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည် ❞**

**MLIS မှ AI Legal Assistant သို့**

ဥပဒေရေးရာဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလမှစတင်၍ Myanmar Law Information System (MLIS)ကို လွှင့်တင်ကာ ဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိပါသည်။

MLIS စနစ်သည် ဥပဒေများကို တစ်နေရာတည်းတွင် စုစည်းပေးထားသည့် ဒီဂျစ်တယ် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ပြည်သူများ၊ ဥပဒေပညာရှင်များနှင့် သုတေသီများအတွက် များစွာအကျိုးပြုခဲ့ပါသည်။

ယခုအခါ AI Legal Assistant Model ကို MLIS စနစ်၏ နောက်ထပ်တိုးချဲ့မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပြီး ရှာဖွေဖတ်ရှုရုံသာမက မေးမြန်းနိုင်၊ ဖြေကြားနိုင်သည့် အသိဉာဏ်ရှိသော စနစ်တစ်ခုအဖြစ် တိုးတက်လာစေရန် ရည်ရွယ်ထားပါသည်။

**AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး စတင်အကောင်အထည်ဖော်**

ဥပဒေအသိပညာများကို ပြည်သူများထံ ပိုမိုလွယ်ကူလျင်မြန်စွာ ရောက်ရှိစေရန်၊ ဥပဒေဆိုင်ရာအချက်အလက်များကို အချိန်မရွေးရှာဖွေနိုင်ပြီး အလွယ်တကူနားလည်သိရှိနိုင်စေရန်၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို နည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်အတွက် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ကြိုးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅)အရ စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၄-၅-၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆) ဖြင့် ပြင်ဆင်ဖွဲ့စည်း၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်လျက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**Myanmar Legal AI Assistant Model**

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်း၏ အဓိကအစိတ်အပိုင်းတစ်ရပ်မှာ မြန်မာဘာသာဖြင့် ဥပဒေဆိုင်ရာ အမေးအဖြေများကို အပြန်အလှန်ဆောင်ရွက်နိုင်မည့် AI Assistant Chatbot တစ်ခုဖြစ်သည့် Myanmar Legal AI Assistant Model တည်ဆောက်ရေးပင် ဖြစ်ပါသည်။

အဆိုပါ AI Model တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၅ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဌာနတွင်း စမ်းသပ်အသုံးပြုနိုင်သည့် pilot model တစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီး ယခုအခါ ပိုမိုပြည့်စုံကောင်းမွန်သော model တစ်ခုအဖြစ် ဆက်လက်ဖန်တီးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်လုပ်ငန်းစဉ်တွင် ထည့်သွင်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ယင်းလုပ်ငန်းစဉ်တွင် Large Language Model (LLM) နည်းပညာကို အခြေခံထားသည့် 3-Models Pipeline စနစ်ကို အသုံးပြုထားပြီး အသံမှစာသို့ ပြောင်းလဲပေးသည့် ASR (Automatic Speech Recognition)၊ ဥပဒေဆိုင်ရာမေးခွန်းများကို ဖြေကြားပေးသည့် Question Answering Model နှင့် စာမှအသံသို့ ပြန်လည်ဖတ်ကြားပေးသည့် TTS (Text-to-Speech) နည်းပညာများ ပါဝင်မည် ဖြစ်ပါသည်။

ထိုသို့ အသံ၊ စာနှင့် အပြန်အလှန် ဆက်သွယ်နိုင်သည့်စနစ်ဖြစ်လာပါက အသုံးပြုသူများသည် စာရိုက်စရာမလိုဘဲ မေးမြန်းနိုင်မည်ဖြစ်ပြီး AI စနစ်ကလည်း အသံဖြင့် ပြန်လည်ဖြေကြားပေးနိုင်မည် ဖြစ်ပါသည်။

**ဥပဒေအချက်အလက် (Data)များ စုဆောင်းခြင်းနှင့် AI လေ့ကျင့်ခြင်း**

AI Model တစ်ခု၏ အရည်အသွေးသည် လေ့ကျင့်ပေးထားသည့် အချက်အလက်(data)များ၏ အရည်အသွေးပေါ် မူတည်ပါသည်။ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံးများမှ ဥပဒေဆိုင်ရာ စာတမ်းများ၊ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများနှင့် ဥပဒေရှင်းလင်းချက်များ၊ ဥပဒေအမေးအဖြေများကို စုဆောင်း၍ ထည့်သွင်းလေ့ကျင့်လျက်ရှိပါသည်။

အထူးသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ မြေယာနှင့်သက်ဆိုင်သောဥပဒေများ စသည့်ပြည်သူများနှင့် နီးစပ်သည့် ဥပဒေကဏ္ဍများကို ဦးစားပေးစုဆောင်းလျက်ရှိပါသည်။

ထိုသို့ ဦးစားပေးစုဆောင်းမှုပြုသောဥပဒေများကို အဓိကကျင့်သုံးသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းဖြင့် စုဆောင်းရရှိလာသော အချက်အလက်များကို AI နားလည်နိုင်သော ပုံစံသို့ပြောင်းလဲခြင်း၊ စကားလုံးခွဲခြမ်း စိတ်ဖြာခြင်းနှင့် မေးခွန်းနှင့် အဖြေပုံစံများဖြင့် ပြန်လည်စီစဉ်ခြင်းတို့ကို ဆောင်ရွက်ကာ AI Model ကို လေ့ကျင့်ပေးလျက်ရှိပါသည်။ ထို့ပြင် AI ထုတ်ပေးသော အဖြေများ၏ မှန်ကန်မှုကို ဥပဒေပညာရှင်များက ပြန်လည်စစ်ဆေး၍ Human Feedback ရယူကာ အရည်အသွေး မြှင့်တင်ပေးလျက်ရှိပါသည်။

**ပြည်သူလူထုအတွက် ရရှိမည့် အကျိုးကျေးဇူးများ**

AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါသည်။ ဥပဒေဆိုင်ရာ မေးခွန်းများကို အချိန်မရွေး မေးမြန်းနိုင်မည်ဖြစ်ပြီး တည်နေရာအကန့်အသတ်မရှိ အသုံးပြုနိုင်ခြင်း၊ ဥပဒေများကို ရှာဖွေဖတ်ရှုရာတွင် အချိန်ကုန်သက်သာစေခြင်း၊ ဥပဒေဆိုင်ရာဗဟုသုတများ ပိုမိုကျယ်ပြန့်လာစေပြီး ဥပဒေအသိပညာများ တိုးစေခြင်းဖြင့် ဥပဒေလေးစားလိုက်နာမှုကို မြှင့်တင်ပေးနိုင်ခြင်းတို့အပြင် ဥပဒေပညာရှင်များ၊ အစိုးရဝန်ထမ်းများနှင့် သုတေသနပြုနေသူများအတွက်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

**အနာဂတ် Smart Legal Platform သို့**

လက်ရှိဆောင်ရွက်နေသည့် Myanmar Legal AI Assistant Model စီမံကိန်းသည် စတင်ခြင်းအဆင့်သာ ဖြစ်သော်လည်း အနာဂတ်တွင် Web Portal များ၊ Mobile Application များ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ Website များနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် Smart Legal Platform တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော တရားရုံးများ၊ ဥပဒေရုံးများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများတွင်လည်း အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

AI နည်းပညာဆိုသည်မှာ လူသားများ၏ နေရာကို အလုံးစုံအစားထိုးရန် မဟုတ်ဘဲ လူသားများ၏ လုပ်ငန်းဆောင်တာများကို ပိုမိုလွယ်ကူမြန်ဆန်စေရန် အထောက်အကူပြုသည့် နည်းပညာဖြစ်ရာ AI နည်းပညာကို မှန်ကန်စွာ အသုံးချနိုင်ခြင်းသည် နိုင်ငံတော်၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာမည် ဖြစ်ပါသည်။

ထို့ကြောင့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် ပြည်သူများ၏ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတ မြင့်မားလာစေရုံသာမက တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။

> **AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် ပြည်သူများ၏ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတ မြင့်မားလာစေရုံသာမက တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကိုလည်း အထောက်အကူပြုမည်**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စီမံကိန်းတာဝန်ရှိသူတစ်ဦးက အမရပူရမြို့နယ်တွင် အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

※ *ကျောဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

**၆၃ လုံး ဖြိုချဖျက်ဆီးပြီး**

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုပြ မြေပုံ။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသားသုံးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ ဒါးလ်ဆွင်းခွါလ် (ခ)ခွါလ်ပီး၊ ရဲရင့်အောင်နှင့် မလဲင့်ဆွေဗုန်(ခ)ဗွီးသဲတို့အား ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ညနေ ၄ နာရီတွင် သတင်းအရ ကလေးမြို့နယ် အေးသာယာကျေးရွာအနီးတွင် ကလေးမြို့ သဇင်ရပ်ကွက်နေ ဒါးလ်ဆွင်းခွါလ်(ခ)ခွါလ်ပီး(၃၄)နှစ် မောင်းနှင်ပြီး မင်းကင်းမြို့နယ် မြို့မကျေးရွာနေ ရဲရင့်အောင်(၂၂)နှစ်လိုက်ပါလာသော NISSAN ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၈၀၀)၊ မြန်မာငွေကျပ် တစ်သိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ည ၈ နာရီက မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ကလေးမြို့ တာဟန်းရပ်ကွက်နေ မလဲင့်ဆွေဗုန်(ခ)ဗွီးသဲ(၄၄)နှစ်အား ကလေးမြို့ သဇင်ရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိသဖြင့် ဒါးလ်ဆွင်းခွါလ် (ခ)ခွါလ်ပီး၊ ရဲရင့်အောင်နှင့် မလဲင့်ဆွေဗုန်(ခ)ဗွီးသဲတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အပြင် ဇွန် ၁၉ ရက် ည ၇ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီးတွင် လားရှိုးမြို့နယ် ပန်ဆက်ကျေးရွာနေ ဘရန်နန်(၃၀)နှစ် မောင်းနှင်လာသော TOYOTA CROWN အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၇၂၀၀၀(တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၆၀)ဖမ်းဆီးရမိသဖြင့် ဘရန်နန်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

▲ *ကျောဖုံးမှ*

စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် လေးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီး၊ ဟုမ္မလင်းမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## စဉ့်ကိုင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

စဉ့်ကိုင် ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က စဉ့်ကိုင်မြို့နယ် ရွာဟောင်းကုန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းမကြီးဟောင်း မိုင်တိုင်အမှတ်(၃၈၄/၃)အနီး၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိင်္ဂီအောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်သူများအား ပျိုးပင်များပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တက်ရောက်လာကြသူများက စိန်ပန်း၊ တမာ၊ ကုက္ကိုနှင့် မယ်ဇယ် စသည့် ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ကျော်စွာ (စဉ့်ကိုင်)**



❖ *ကျောဖုံးမှ*

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယသွင်းဂိုးအများဆုံး ဂျာမနီတိုက်စစ်ကစားသမား ကလိုဆေး၏ ၁၆ ဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ ပြင်သစ်နှင့် အီရတ်အသင်းပွဲစဉ်သည် ရာသီဥတု ဆိုးရွားမှုကြောင့် နှစ်နာရီကြာ ရပ်နားခဲ့ရကြောင်း သိရသည်။

နံနက် ၆ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နော်ဝေနှင့် ဆီနီဂေါအသင်းပွဲစဉ်တွင် နော်ဝေအသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် နော်ဝေအသင်းတိုက်စစ်ကစားသမား ဟာလန်း ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ပြိုင်ဘက်ဆီနီဂေါအသင်းသည် နော်ဝေအသင်းထက် ခြေစွမ်းသာလွန်မှုရှိသော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နံနက် ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဂျော်ဒန်နှင့် အယ်ဂျီးရီးယားအသင်းပွဲစဉ်တွင် အယ်ဂျီးရီးယားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ဂျော်ဒန်အသင်းသည် မိနစ် ၆၀ ကျော်အထိ အယ်ဂျီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## သဲကုန်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်



သဲကုန်း ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် မြို့နယ်ဥပဒေရုံးမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရ ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❁ *ကျောဖုံးမှ*

စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းနှင့် ငွေနှင်းမှိုမျိုးထုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ဖမ်းဆီးရမိ ဓာတုပစ္စည်းများ မြေမြှုပ်စွန့်ပစ်ခြင်း ဆောင်ရွက်

လှည်းကူး ဇွန် ၂၃

လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ မြေမြင့်တောင်ကုန်းပေါ်၌ ယနေ့ နံနက် ၇ နာရီက (၃၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိ ဓာတုပစ္စည်းများ မြေမြှုပ်စွန့်ပစ်ခြင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များမှ ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးအရည် Formaldehyde ၈၀၈ ဒသမ ၅ လီတာကို သတ်မှတ်ကျင်းများ



အတွင်းသို့ သွန်ချဖျက်ဆီးခြင်း နှင့် မြေဖို့ခြင်းများဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## မအူပင်မြို့၌ မူခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

မအူပင် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၆)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ယမန်နေ့က မူခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီးဝင်းဇော်က အွန်လိုင်းငွေကြေးလိမ်လည်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများ၊ မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုတိယရဲမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ ၃၅၀ အား မူခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## ရွှေကျင်မြို့နယ်၌ ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရွှေကျင် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ



အတွက် ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိနှင့်အတူ တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ဥပဒေနှင့်ပတ်သက်သည့် သင်ထောက်ကူပြုဥပဒေစာအုပ်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးချစ်မင်းသူက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေနှင့်ပတ်သက်သော သိထားသင့်သည့် အကြောင်းအရာများကို ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

**ထွန်းထွန်းဇော်**
**(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၁၂၀ အား လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

ခေါင်းစဉ်တို့ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ စာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ဇွန် ၂၅ ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**တိမ်အသင့်အတင့် ဖြစ်ထွန်း**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၂၃**

အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက အဖွဲ့၏ လုပ်ငန်းတာဝန်များဖြစ်သော ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အလုပ် လုပ်ကိုင်လိုသူများအား အလုပ်အကိုင် ရရှိစေခြင်း၊ အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊ အလုပ်လုပ်ကိုင်နေသူများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ရာတွင် ဝန်ကြီးဌာနများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အလုပ်ခေါ်စာများ ရရှိမှုသာ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းပေါ် မူတည်၍ အလုပ်ရှင်များ၏ အလုပ်သမား လိုအပ်ချက်နှင့် ကိုက်ညီသည့် အလုပ်သမားများကို ရွေးချယ်ခန့်အပ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် ဖရူဆို – ဘောလခဲ – ဖားဆောင်းဒေသများအတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ဖရူဆိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များက ဂုဏ်ပြုကြိုဆိုကြသည်။



ဒေသခံ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ သမအသင်းသား တောင်သူများအား မျိုးနှင့်သွင်းအားစုများ ပေးအပ်

**သာယာဝတီ ဇွန် ၂၃**

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ သမဝါယမကဏ္ဍမှ မိုးစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူများသို့ မျိုး၊ သွင်းအားစုမြေသြဇာပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား သုံးဆယ်မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဖြိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် အသင်းစုဥက္ကဋ္ဌတို့က အသင်းသား တောင်သူများအား မျိုး၊ သွင်းအားစုများ ပေးအပ်ခဲ့သည်။



**အောင်ဝတီ**

## (၂၃-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၉ | ၅၅၈.၂ – ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၄,၈၄၃,၇၉၅.၆၄ | ၂၅,၇၄၂,၆၂၀.၄၁ | ၁၃၇,၇၈၂,၃၂၅.၉၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက္ကူ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၆၀ သန်းကို ရောင်းချပေးခဲ့ပါသည်။

## ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံ ရွှေစာရံ - အောင်ပင်လယ် ဓာတ်အားလိုင်း Switchbay ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ Main ထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း Switchbay များကို ထိန်းသိမ်းပြုပြင်ရန်နှင့် ၂၃၀ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချွတ်ယွင်းကြွေသီးတွဲများ လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## လားရှိုးမြို့၌ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

**လားရှိုး ဇွန် ၂၃**

လားရှိုးမြို့၌ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းကို ယမန်နေ့က ခရိုင်ဥပဒေရုံး၌ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက အမှာစကားပြောကြားပြီး ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာများ တွေ့ဆုံမေးမြန်းသည်။ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပြည်မြို့၌ ပျားမွေးမြူရေးပြည်သူပညာပေး သင်တန်းဖွင့်

**ပြည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ပြည်မြို့နယ်တာဝန်ခံရုံး၌ ဇွန် ၂၁ ရက်က ပျားမွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်ရာ ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံ ဦးစီးအရာရှိ ဦးလှသန်းက အမှာစကား ပြောကြားသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိရာ သင်တန်းကာလမှာ ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိဖြစ်ပြီး စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**



## အမေရိကန်နှင့်ဂျပန်တို့ပူးပေါင်း၍ ညပိုင်း ဒရုန်းအသုံးပြုထောက်လှမ်းသည့် ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို ဇွန် ၂၃**

ဂျပန် (ကြည်းတပ်)မှ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JGSDF) ဝင်များနှင့်




အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင်ရှိ ဝေးလံခေါင်ဖျားသော တိုကူနိုရှီးမားကျွန်းတွင် ဒရုန်းစနစ်အသုံးပြု၍ ညအချိန် အချက်အလက်စုဆောင်းထောက်လှမ်းသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်မှုကို ဇွန် ၂၂ ရက်ညပိုင်းမှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျူးရှူးဒေသတစ်ဝန်းတွင် ဇွန် ၂၀ ရက်မှ ၃၀ ရက်အထိ လုပ်ဆောင်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင်အင်အား ၉၆၀၀ ခန့် ပါဝင်ပြီး ဂျပန်နိုင်ငံ၏ ဝေးလံခေါင်ဖျားကျွန်းများတွင် ကာကွယ်ရေးနှင့် စစ်ရေးစွမ်းရည် မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အစိုးရငွေများကို ပြည်သူများထံ တိုက်ရိုက်ထောက်ပံ့ရန် အီလွန်မတ်စ် တိုက်တွန်း

**ဝါရှင်တန် ဇွန် ၂၃**

ကမ္ဘာ့ပထမဆုံး ထရီလီယံနာဟု ခေါ်ဆိုခံရသည့် အမေရိကန် စွန့်ဦးတီထွင်လုပ်ငန်းရှင် အီလွန်မတ်စ်က အစိုးရဘတ်ဂျက်ငွေများကို ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် မဟုတ်ဘဲ ပြည်သူများထံ တိုက်ရိုက်ထောက်ပံ့ပေးရန် တိုက်တွန်းခဲ့သည်။

အစိုးရငွေများကို အခြားအစီအစဉ်များမှမဖြတ်သန်းဘဲ ပြည်သူများထံ တိုက်ရိုက်ရောက်ရှိစေခြင်းက ပိုမိုကောင်းမွန်ကြောင်းနှင့် အနာဂတ်တွင် အေအိုင် (AI) နှင့် စက်ရုပ်နည်းပညာများ ပိုမိုအသုံးပြုလာပါက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်လာပြီး ကုန်ဈေးနှုန်းကျဆင်းကာ ငွေတန်ဖိုးမြင့်တက်လာနိုင်ကြောင်း အီလွန်မတ်စ်က ယူဆသည်။

၎င်းသည် အမေရိကန်အိမ်ဖြူတော်က အေအိုင်ကုမ္ပဏီများကို ထိန်းချုပ်ရန် စီစဉ်ထားသည်ဆိုသော ဒုတိယသမ္မတ ဂျေဒီဗန့်စ်၏ ပြောကြားချက်အပေါ် တုံ့ပြန်ပြောဆိုခြင်းဖြစ်သည်။



အီလွန်မက်စ်သည် ၎င်း၏ အာကာသကုမ္ပဏီနှင့် အေအိုင်ကုမ္ပဏီတို့ကို စတော့ဈေးကွက်တွင် အများပိုင်ကုမ္ပဏီအဖြစ် ပြီးခဲ့သည့်သီတင်းပတ်က ပြောင်းလဲခဲ့ပြီးနောက် ကမ္ဘာ့သမိုင်းတွင် ပထမဆုံး ထရီလီယံနာ ဖြစ်လာခဲ့သည်။ **စပွန်နစ်**

## ဆော်ဒီအာရေဗျ၏ ရေနံစိမ်းတင်ပို့မှု နှစ်လဆက်တိုက် ကျဆင်း

**ရီယာ့ဒ် ဇွန် ၂၃**

ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံစိမ်းတင်ပို့မှုသည် ဧပြီလတွင် နှစ်လဆက်တိုက် ကျဆင်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း နိုင်ငံတကာစွမ်းအင်အချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဇွန် ၂၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။ အချက်အလက်များအရ မတ်လတွင် တစ်ရက်လျှင် ရေနံစိမ်းတင်ပို့မှု ၄ ဒသမ ၉၄၇ သန်းမှ ဧပြီလတွင် ၃ ဒသမ ၉၈၆ သန်းအထိ ကျဆင်းခဲ့ကြောင်း၊ ဟော်မုဇ်ရေလက်ကြားအခြေအနေကြောင့် ရေနံစိမ်းတင်ပို့မှုမှာ ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် ရေနံစည် ၇ ဒသမ ၂၇၆ သန်းရှိရာမှ မတ်လတွင် ၃၀ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## လေယာဉ်ပေါ် ဗုံးရှိကြောင်း လိမ်လည်ပြောဆိုသူ တရားစွဲဆိုခံရ

**ဆစ်ဒနီ ဇွန် ၂၃**

ဆစ်ဒနီမြို့မှ ကွာလာလမ်ပူသို့ ပျံသန်းနေသော တူကီယဲလေကြောင်းလိုင်း လေယာဉ်ပေါ်တွင် ဗုံးရှိကြောင်း လိမ်လည်ပြောဆိုခဲ့သည်ဟု စွပ်စွဲခံရသည့် မွန်တီနီဂရိုးနိုင်ငံသား အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့က အမှုဖွင့်တရားစွဲဆိုထားကြောင်း သိရသည်။ ရဲတပ်ဖွဲ့သည် ဗုံးခြိမ်းခြောက်မှုသတင်းအချက်အလက်ကို လက်ခံရရှိပြီးနောက် ၎င်းကို ဇွန် ၂၁ ရက်တွင် ဆစ်ဒနီလေဆိပ်၌ ဖမ်းဆီးခဲ့သည်။ **ဆင်ဟွာ**

## ပြင်သစ်၌ အပူချိန်လွန်ကဲမှုကြောင့် ၁၈ ဦးထက်မနည်းသေဆုံး

**ပါရီ ဇွန် ၂၃**

ဥရောပဒေသတွင် ပြင်းထန်သော အပူလှိုင်း ဖြတ်သန်းမှုဖြစ်ပွားနေပြီး ပြင်သစ်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် ကလေးငယ်များ အပါအဝင် ၁၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဇွန် ၂၂ ရက်တွင် စပိန်နိုင်ငံတောင်ပိုင်း ဟာအန်းမြို့၌ စံချိန်တင် အပူချိန် ၄၅ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ပြီး ပြင်သစ်နိုင်ငံအလယ်ပိုင်း ရှဲရ်ခရိုင်၌ ၄၃ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်စ်၊ ပေါ်တူဂီနိုင်ငံမြောက်ပိုင်း မီရန်ဒဲလားမြို့၌ ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ် အသီးသီးရှိခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင်လည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရေကူးရာမှ ဖြစ်ပွားသည့်မတော်တဆမှုများကြောင့် လူငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။ လာမည့်ရက်များအတွင်း အပူချိန်ကျဆင်းမည့် လက္ခဏာများ မတွေ့ရသေးကြောင်းနှင့် ဒေသအချို့တွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ဝန်းကျင်အထိ မြင့်တက်လာနိုင်ကြောင်း ဂျာမနီမိုးလေဝသဌာနတာဝန်ရှိသူများက သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**



## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု ပွဲစဉ် (၃) ကို ဇွန် ၂၅ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ရင်သပ်ရှုမောဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် (၃)**



| | | | |
|---|---|---|---|
| ဘော့စနီးယား | VS | ကာတာ | နံနက် ၁း၃၀ |
| ဆွစ်ဇာလန် | VS | ကနေဒါ | နံနက် ၁း၃၀ |
| မိုရိုကို | VS | ဟေတီ | နံနက် ၄း၃၀ |
| စကော့တလန် | VS | ဘရာဇီး | နံနက် ၄း၃၀ |
| တောင်အာဖရိက | VS | တောင်ကိုရီးယား | နံနက် ၇း၃၀ |
| ချက်ဖ် | VS | မက္ကဆီကို | နံနက် ၇း၃၀ |

JUN 25

# ပြင်းထန်လာဦးမယ့် ဆွစ်ဇာလန်နဲ့ ကနေဒါတို့ရဲ့ အုပ်စုပထမနေရာလုပွဲ

■ မိုးဇက်

### ဆွစ်ဇာလန် VS ကနေဒါ

အုပ်စုပထမနေရာအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် အဆုံးအဖြတ်ပွဲစဉ်ဖြစ်တဲ့အလျောက် နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဆွစ်ဇာလန်ရဲ့ ခံစစ်ပိုင်းက အာရုံစူးစိုက်မှု လျော့နည်းတတ်ပြီး ကနေဒါရဲ့ တန်ပြန်တိုက်စစ်အမြန်နှုန်းကို ထိန်းချုပ်ဖို့ ရုန်းကန်ရနိုင်တယ်။ ပူးတွဲအိမ်ရှင်ကနေဒါက တိုက်စစ် ထက်မြက်မှုနဲ့အတူ ပရိသတ်တွေရဲ့ တွန်းအားက ပွဲရဲ့ အဖြေကို အဆုံးအဖြတ် ပေးသွားနိုင်တယ်။

| အုပ်စု (B) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ကနေဒါ | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ ဆွစ်ဇာလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ ဘော့စနီးယား | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ ကာတာ | ၂ | ၀ | ၁ | ၁ | ၁ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ် | | |
|---|---|---|
| ဆွစ်ဇာလန် | ၄–၁ | ဘော့စနီးယား |
| ကနေဒါ | ၆–၀ | ကာတာ |

### မိုရိုကို VS ဟေတီ

မိုရိုကိုက အုပ်စုပထမနေရာအတွက် ဟေတီကို ဂိုးပြတ်နိုင်ပွဲရရေး ကြိုးပမ်းရမယ့်ပွဲစဉ်ဖြစ်တယ်။ ဟေတီက နောက်တစ်ဆင့်တက်လှမ်းဖို့ မျှော်လင့်ချက်မရှိတော့ပေမယ့် ဂုဏ်သိက္ခာအရ မိုရိုကိုကို အကောင်းဆုံးတုံ့ပြန်ကစားလာနိုင်ဖွယ်ရှိတယ်။ အသင်းအဓိက ကွင်းလယ်တိုက်စစ်ကစားသမား အစ္စမေးလ် ဆိုင်ဘာရီရဲ့ ခြေစွမ်းပြမှုနဲ့အတူ မိုရိုကိုအသင်း ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်သွားဖွယ်ရှိတယ်။

| အုပ်စု (C) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ဘရာဇီး | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ မိုရိုကို | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ စကော့တလန် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ ဟေတီ | ၂ | ၀ | ၀ | ၂ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ် | | |
|---|---|---|
| စကော့တလန် | ၀–၁ | မိုရိုကို |
| ဘရာဇီး | ၃–၀ | ဟေတီ |

### ဘရာဇီး VS စကော့တလန်

အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်ဖို့ ကြိုးပမ်းလာမယ့် ဘရာဇီးနဲ့ နောက်တစ်ဆင့်တက်ဖို့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ စကော့တလန်အသင်းတို့ တွေ့ဆုံနေတာကြောင့် ရင်သပ်ရှုမောဖွယ်စောင့်ကြည့်ရမှာပါ။ နှစ်သင်းစလုံးမှာ ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ထိပ်တန်းအဆင့် ကစားသမားတွေရှိတာကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အခွင့်အရေးကို သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့အသင်း နိုင်ဖွယ်ရာရှိတယ်။

| အုပ်စု (C) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ဘရာဇီး | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ မိုရိုကို | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ စကော့တလန် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ ဟေတီ | ၂ | ၀ | ၀ | ၂ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ် | | |
|---|---|---|
| ဘရာဇီး | ၃–၀ | ဟေတီ |
| စကော့တလန် | ၀–၁ | မိုရိုကို |

### တောင်အာဖရိက VS တောင်ကိုရီးယား

တောင်အာဖရိကက ဒီပွဲစဉ်မှာ တောင်ကိုရီးယားကို နိုင်ပွဲရမှသာ နောက်တစ်ဆင့်တက်ရေးမျှော်လင့်နိုင်မှာ ဖြစ်တယ်။ ပြိုင်ဘက်တောင်ကိုရီးယားက သရေကျရုံနဲ့ နောက်တစ်ဆင့် တက်လှမ်းနိုင်မှာဖြစ်တယ်။ နှစ်သင်းစလုံး နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိတယ်။ အတွေ့အကြုံနဲ့ ကစားသမားစုဖွဲ့မှုပိုင်း သာလွန်မှုရှိတဲ့ တောင်ကိုရီးယားအသင်း နိုင်ပွဲရယူသွားဖွယ်ရှိတယ်။

| အုပ်စု (A) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ မက္ကဆီကို | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ တ/ကိုရီးယား | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ ချက်ဖ် | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ တ/အာဖရိက | ၂ | ၀ | ၁ | ၁ | ၁ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ် | | |
|---|---|---|
| ချက်ဖ် | ၁–၁ | တောင်အာဖရိက |
| မက္ကဆီကို | ၁–၀ | တောင်ကိုရီးယား |

## ကျောက်ဖြူမြို့ အခြေခံပညာကျောင်းများ၌ အေးချမ်းစွာ ပညာသင်ယူနိုင်ရေး စစ်ဆေး

**ကျောက်ဖြူ ဇွန် ၂၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေး ဇွန် ၂၀ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းအချို့၌ ပျက်စီးနေသည့်



ကျောင်းခေါင်မိုးများကို အချိန်မီ ပြန်လည်ပြုပြင်ရေး၊ ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာမှု ရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးတို့ကို စစ်ဆေးပြောကြားသည်။

ကျောက်ဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၁ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ကုသဆောင်ရွက်ပေး

**မြို့သစ် ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံကြီး (မကွေးမြို့)မှ ဆေးရုံအုပ်ကြီး ဦးဆောင်သည့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်သော ဆေးကုသမှုအဖွဲ့သည် ဇွန် ၁၆ ရက်က မြို့သစ်မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ လာရောက်ပြသသည့် လူနာ ၈၃၀ အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်လတ်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ကျိုက်လတ် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက်



က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခွေ့ဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်က ခွေးရူးရောဂါကာကွယ် တားဆီးရေးအတွက် ခွေးရူးရောဂါ ကာကွယ်ရေး သိကောင်းစရာများအကြောင်းကို ရှင်းလင်းဟောပြောကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

## တောင်သာမြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်မှုသင်တန်းဖွင့်

**တောင်သာ ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မှိုစိုက်ပျိုးထုတ်လုပ်မှုအခြေခံသင်တန်းကို ဇွန် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးထွန်းအောင်ကျော်က မှိုစိုက်ပျိုးထုတ်လုပ်မှု အခြေခံပညာအကြောင်းများ၊ သိုလှောင်သိမ်းဆည်းထားနည်းများ၊ အစိုအခြေအနေနှင့် အခြောက်အခြေအနေများအကြောင်းနှင့် စားသုံးနည်းအမျိုးမျိုးနှင့် အကျိုး



ကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## ကော့သောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ဆေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ကော့သောင်း ဇွန် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက်(၁၀) နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ကော့သောင်းမြို့နယ် မပုတေးကျေးရွာ အလက(ခွဲ) မပုတေးစာသင်ကျောင်း၌ ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အမှတ်(၁၀၉) ရပ်ကွက်ရှိ Myan Shwe Pyi Tractors Company Limited ၌ ဇွန် ၁၈ ရက်က ကျင်းပရာ အမှတ်(၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြစန်းဌေးက ယာဉ်/လမ်း စည်းကမ်းများ၊ ယာဉ်အမျိုးအစားများ၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုအမျိုးအစားများနှင့် ဖြစ်ပွားရခြင်းများ၊ ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**အေးမဥ္ဇူ**





## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဇွန် ၁၉ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဦးသက်စိုးက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၁၃၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များနှင့်UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**



## ချောက်မြို့နယ်၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြလေ့ကျင့်

**ချောက် ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၂၀ ရက်က အမှတ်(၇)ရပ်ကွက် အုတ်ဖိုကမ်းနားဆိပ်၌ ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြေနုကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများအား Assault Boat များ အသုံးပြု၍ ကယ်ဆယ်မှု သရုပ်ပြသခြင်း၊ Foam အမြှုပ်ဆေးရည်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှုတို့ကို သရုပ်ပြခဲ့ကြသည်။

**ကျော်မိုး(ပြန်/ဆက်)**



လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၂ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ ကျင်းပရာ နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



မြောင်းမြမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို ဇွန် ၂၂ ရက်က ကွမ်းခြံကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်က အမှာစကားပြောကြားစဉ်။ ဇေယျာ(ပြန်/ဆက်)

## စစ်ကိုင်းမြို့နယ်၌ မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကျင်းပ



**စစ်ကိုင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၂၀ ရက်က စစ်ကိုင်းမြို့နယ် တောင်ဦးကျေးရွာဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက သုံးစွဲခွင့်ပြုမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

**ကျော်စွာ(စစ်ကိုင်း)**

## ဇမ္ဗူသီရိမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဇွန် ၂၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးက အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေး၊ အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးနှင့် အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

**တင့်ဖူးခိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ လူငယ်နှင့်အားကစားဆိုင်ရာ အသိပညာပေးဟောပြော



**မိုးနဲ ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ယမန်နေ့က လူငယ်နှင့်အားကစားဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်အားကစားမှူး ဒေါ်နန်းသန်းသန်းစိုးက အားကစား ပြုလုပ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် အားကစားဆိုင်ရာပစ္စည်းများ ပေးအပ်သည်။

**ဇင်ကိုကို**

## အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်လုပ်ကိုင်သူများအား အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေး

**မော်လမြိုင် ဇွန် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ် လုပ်ကိုင်သူများအား အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး အိမ်ခြံမြေအကျိုးဆောင် လျှောက်ထားသူ ၄၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ပျော်ဘွယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး



**ပျော်ဘွယ် ဇွန် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၁၉ ရက်က အမှတ်(၁) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးက ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြောကြားပြီး ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး



**ကျောက်တံခါး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ဘိုင်ဒါးကြိုးဝိုင်း ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၇၇/၇)အနီး၌ ကျင်းပရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၈၀ တို့က ပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မျိုးမင်း(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြို့နယ်အသီးသီး၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းများဖွင့်



**သနပ်ပင်**

သနပ်ပင်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်သီဟက သင်တန်းပို့ချခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ဖြူး**

ဖြူးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇွန် ၂၂ ရက်က စည်ပင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

**ပဲခူး**

ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းကို ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၂ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးခင်မောင်တင့်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ချိုတို့က အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**မှော်ဘီ**

မှော်ဘီခရိုင်ဥပဒေရုံးမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

**ကဝ**

ကဝမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဝင်းနိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

**ညောင်လေးပင်**

ညောင်လေးပင်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အမှာစကားပြောကြားပြီး ညောင်လေးပင်ခရိုင် ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်အေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပန်းတောင်း**

ပန်းတောင်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇွန် ၂၂ ရက်က ဖွင့်လှစ်သင်ကြားရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်စုစုငွေးက သင်တန်းတွင် ပို့ချမည့်ဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## တရားမဝင်ကုန်သွယ်မှုများ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိရေး ဆောင်ရွက်

ပဲခူး ဇွန် ၂၃

လျှော့နည်းပပျောက်၍ တရားဝင် တရားမဝင် ကုန်သွယ်မှုများ ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့



ရောက်ရှိရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပဲခူးတိုင်းဒေသ ကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ ဇွန် ၂၂ ရက်တွင် ကျင်းပသည့် ညှိနှိုင်း ဆွေးနွေးပွဲ၌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုက ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရှောင်ကွင်း လမ်းများ၊ ဖမ်းဆီးရမိသည့် လိုင်စင်ရှိ၊ လိုင်စင်မဲ့ယာဉ်များ၊ စက်ပစ္စည်းများနှင့် ပတ်သက်၍ အဂတိတရား ကင်းရှင်းစွာ စစ်ဆေးဖမ်းဆီး အရေးယူ ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လပွတ္တာမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

လပွတ္တာ ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့တွင် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာဝတ်ရည်လှိုင်တို့က အမှာစကား ပြောကြားသည်။

လူငယ်စကားဝိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများက ကျောင်းသားနှင့် တာဝန်၊ ကျောင်းသားနှင့် ကျန်းမာရေး၊ စိတ်တွင်စွဲမြဲနေသော ဆရာများ၏ ဩဝါဒများ




ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ်များ ပေးအပ်

ပခုက္ကူ ဇွန် ၂၃

နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များ ပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌



အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းလှိုင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်၏ အရေးပါပုံအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပခုက္ကူမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၃၄၇ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်များ ပေးအပ်ကြောင်း သိရသည်။

**ဘာမီသာ (ပခုက္ကူ)**

## မအူပင်ခရိုင်၌ ပျားမွေးမြူရေး သင်တန်းဖွင့်

မအူပင် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ခရိုင်အခြေပြု ပျားမွေးမြူရေးပြည်သူပညာပေးသင်တန်းကို ယမန်နေ့က အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝင်းဇော်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နည်းပြသုံးဦးက မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များရှိ သင်တန်းသား သင်တန်းသူ ၂၀ ကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာပြုလုပ်



ဝါးခယ်မ ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန် စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာ ပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲကို အုန်းပင်စုကျေးရွာ၌ ယမန် နေ့က ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသူဇာဝင်းက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းတွင် ဓာတု မြေသြဇာအစားသဘာဝမြေသြဇာ ကို အစားထိုးအသုံးပြုတတ်စေ ရန်နှင့် လူနေမှုဘဝ တိုးတက် မြင့်မားစေရန် ရည်ရွယ်ပြီး တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝ မြေသြဇာပြုလုပ်ပုံအဆင့်ဆင့်ကို နှစ်ရက်ကြာ သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တောင်ငူမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

တောင်ငူ ဇွန် ၂၃

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဟိန်းမျိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို



ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**ဇော်ကိုကို (တောင်ငူ)**



## ဇေယျာသီရိမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

ဇေယျာသီရိမြို့နယ် ရွှေပေး - ရှားစေးဖို ကျေးရွာချင်းဆက်လမ်း၏ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်း၊ တိုင်း/ခရိုင်/မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ကျွန်း၊ ကံ့ကော်၊ ခရေ၊ ကုက္ကို၊ စိန်ပန်း၊ ပိတောက်၊ မဲဇလီ စသည့်အရိပ်ရသစ်ပင် ၄၁၃ ပင်ကို စိုက်ပျိုးခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**



## အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များအား စွမ်းရည်မြှင့် သင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၃

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းရဲဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးတာဝန်ခံများက အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများ၊ ဥပဒေပါလိုက်နာ/ ရှောင်ကြဉ်ရမည့် စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချသည်။

**အေးမဥ္ဇူ**



ရမည်းသင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က အမှတ်(၈) အထည်စက်ရုံခွဲ၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ ဟိန်းပြည့်ဇော် (ပြန်/ဆက်)




မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ မြို့တော်ဆေးရုံ၌ ဇွန် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက မြို့တော်ဆေးရုံရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ **Website Home Page** ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် **(e-Registration Button)** မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် **(TIN)** လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန် ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည် ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် –

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက် တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့်ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် **(e-Filing Management System)** ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် **Account Registration** ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗီဒီယိုဖိုင် **(User Guide Video Files)** များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် –

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည် ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင် လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည် ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ် ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန် ကြေညာလွှာတင်သွင်းမှု စနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း) ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် –

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက် နိုင်ပါသည် –

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်–၀၂–၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၇၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### ကျောင်းကုန်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၅

| | | |
|---|---|---|
| ဦးဇော်မင်းထွဋ် | နှင့် | (၁) ဦးအောင်မြတ်ထူး<br>(၂) ဒေါ်ဇာဇာမွန် |
| **တရားလို** | | **တရားပြိုင်များ** |

ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ မိုးပြာကျေးရွာအုပ်စု၊ မိုးပြာကျေးရွာနေ (၁)တရားပြိုင် ဦးအောင်မြတ်ထူးနှင့် (၂)တရားပြိုင် ဒေါ်ဇာဇာမွန် တို့သည် အတူနေလင်မယားများဖြစ်ကြပြီး ကျောင်းကုန်းမြို့နယ်၊ မိုးပြာကျေးရွာ အုပ်စု၊ မိုးပြာကျေးရွာနေ (၁)တရားပြိုင် ဦးအောင်မြတ်ထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်မင်းထွဋ်က ချေးငွေ (၁၀၈)သိန်းကျပ်တိတိရလိုမှုအား လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ် ဇူလိုင်လ (၇) ရက် ( ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၈ ) ရက်၊ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်၌ ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမတိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဇွန်လ (၁၆) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ခြူးခြူးဝင်းဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ကျောင်းကုန်းမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ (၃) လမ်း၊ အမှတ် ( ၃၃/၂ ) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆) ထပ် တိုက်၏ ခေါင်းရင်းခြမ်းပဉ္စမထပ်၊(၆)လွှာ၊ အကျယ် (၁၄x၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်တင်တင်ခိုင်(၁၂/သဃက(နိုင်)၀၁၁၀၆၇)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးသီရိဇော် (၁၀/ဘလန (နိုင်) ၁၂၇၅၈၈)မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ် ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်းခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြတ်မိုး(LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၉၃၄၁)**
**အမှတ်–၅၆၀၊ မာဃ–၁၀လမ်း၊ ၁၂–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း–၀၉–၄၂၀၀၆၅၈၀၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7802, Toyota Succeed NCP-58 Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေသစ်ဝင်း ၁၄/ဟသတ(နိုင်) ၂၄၃၃၃၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၁၈၆၇၃, Honda Wave 100, M/C ယာဉ် လက်ဝယ်ရှိသူ ဦးသိန်းအောင်မြင့် ၇/ကပတ(နိုင်)၀၀၁၉၂၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

---

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၉၉

| | | |
|---|---|---|
| ဦးမင်းရန်အောင်ထွန်း | နှင့် | ဦးကျော်ကျော်လင်း |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူ)** |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၇၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ် (၅၆) နေ လျှောက်ထားခံရသူ ဦးကျော်ကျော်လင်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှချမှတ်သည့် အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ( ၁၇ ) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက် ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ် လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ (၁၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ရောင်စဉ်ကိုယ်ပိုင်အထက်တန်း ဆင့်သင်ကျောင်း Grade-12 မှ (ဘ)ဦးစံထွန်း၏သမီး မိသဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၁၀/မဒန(နိုင်)၂၃၈၆၄၀ ဖြစ်ပါ ကြောင်း။

**ဦးကျော်ထွန်း**

---

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းရပ်ကွက်နေ (ဘ) ဦးမောင်စိန်၏သား ဦးကျော်နိုင်ဦး (၄/ပလဝ(နိုင်)၀၅၈၂၅၉)၏ နိုင်ငံကူး လက်မှတ် အမှတ် (MF-615297) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၆၅၁၄၂၁၄၁၉**

---

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ အထက (အုန်းပင်စု) Grade-12 မှ မောင်အောင် ဇေဦး၏ ဖခင် ဦးဇော်ကြီး၏ အမည် မှန်မှာ ဦးအေးသောင်း ၁၄/ကလန (နိုင်) ၀၉၃၂၅၉ဖြစ်ပါကြောင်း။

**ဦးအေးသောင်း**

---

## ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့နယ်၊ အထက (၁) Grade-12မှ မဆွေဇင်ထက် ၏ ဖခင် အမည်မှန်မှာ ဦးတင်မျိုး အောင် ၁၂/ကခက(နိုင်) ၀၄၃၈၆၂ ဖြစ်ပါကြောင်း။

**ဦးတင်မျိုးအောင်**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မလမ်း၊ အကွက်(၄)ရွာမပိုင်းကွက်၊ ဦးပိုင်အမှတ်(င/၁၂)၊ ဧရိယာ(၀.၀၅၈)၊ မြေပိုင်ဆိုင်ခွင့်(ဘီ)မြို့မြေဟုခေါ်တွင်သည့် ဦးမောင်ညွှန့် –ပါ အမွေအမည်ပေါက် မြေကွက်အား ကွမ်းခြံကုန်းမြို့နယ်တရားရုံး၏ (၃၀–၉–၂၀၂၅)ရက်စွဲပါ တရားမကြီးမှု အမှတ်–၁၇/၂၀၂၅ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုအရ ပိုင်ဆိုင်ကြောင်း အနိုင်ဒီကရီရရှိသူ ဦးကျော်စိုးထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးစောလှမိုး ၁၂/သလန(နိုင်)၀၂၀၅၆၀နှင့် ဒေါ်ဝါဝါခိုင် ၁၂/ကခက(နိုင်)၀၅၁၇၃၀ ဇနီးမောင်နှံတို့နှစ်ဦးမှ ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင် ဆောင်ရွက်၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဦးမောင်ညွှန့်ပါ အမွေအမည်မှ ဦးစောလှမိုး–ဒေါ်ဝါဝါခိုင်အမည်သို့ ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁)လ အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများတင်ပြလျက် ကွမ်းခြံကုန်းမြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဌာန၏အမည်ပြောင်းလဲခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ အမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကွမ်းခြံကုန်းမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/အပိုင်း–၃)၊ မြေကွက်အမှတ် (၅၅၇) ဟုခေါ်တွင်သော မြေ အလျား x အနံ ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒုတပ်ကြပ် စိန်ဝင်း (၆/ရဖန(နိုင်)၀၆၀၃၂၀) ထံမှ အရောင်းအဝယ် စာချုပ် စာတမ်းအဆက်စပ်ဖြင့် ဝယ်သူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မေနွဲ့ (၁၂/စခန(နိုင်)၀၁၆၂၉၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရာဇာဓိရာဇ်(၂၅)လမ်း၊ မြေကွက် အမှတ်(၃၆၆/အေ)၊ မြေပေအကျယ်အဝန်းပေ(၇၀x၆၀)၊ စတုရန်းပေ(၄၂၀၀)၊ ဧရိယာ(၀.၀၉၆)ဧက ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထားရှိသူများဖြစ်ကြသော ဦးကျော်စွာဝင်း (၉/ဝတန(နိုင်)၁၁၈၅၀၂) နှင့် ဒေါ်ယဉ်ယဉ်ကြည် (၁၂/လကန(နိုင်)၁၅၈၃၂၅)တို့က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေ အိမ်အပါအဝင်ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက် ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ် အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အထက (၆) Grade-10 မှ မဟေတတ်ပေါ်၏ ဖခင်အမည် မှန်မှာ ဦးယကိုင် ၄/မတပ(နိုင်) ၀၀၃၈၁၂ ဖြစ်ပါကြောင်း။

**ဦးယကိုင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/6125, SUPER ANBO -125 ယာဉ်လက်ဝယ် ရှိသူ ဦးငင်ခန့်ဇမ်း ၄/တတန(နိုင်) ၀၃၂၄၃၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကလေးမြို့)**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်
## ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် မိုင်းလုံးရပ်ကွက်၊ မိုင်းလုံးရေလှောင်ကန်တွင် (1.25 MGD )ဆံ့ Slow Sand Filter တည်ဆောက်ခြင်းလုပ်ငန်း(၂)ခု အတွက် QC လုပ်ငန်းများဆောင်ရွက်နိုင်ရေး တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှခွင့်ပြုသည့် ဆောင်ရွက်မည့် မိုင်းလုံးရပ်ကွက်၊ မိုင်းလုံးရေလှောင်ကန်တွင်(1.25 MGD) ဆံ့ Slow Sand Filter တည်ဆောက်ခြင်းလုပ်ငန်း(၂)ခုအတွက် QC လုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းမည့်နေရာ** - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
(ခ) **လိပ်မူရမည့်ပုဂ္ဂိုလ်** - ဥက္ကဋ္ဌ ၊တင်ဒါကော်မတီ
(ဂ) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - (၂၃-၆-၂၀၂၆)မှ (၂၉-၆-၂၀၂၆)ရက်အထိ (ရုံးချိန်အတွင်းသာ)
(ဃ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - (၂၉-၆-၂၀၂၆)ရက်၊ ညနေ (၁၆:၀၀)နာရီ
(င) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
(စ) **တင်ဒါဖွင့်မည့်နေ့ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၉-၂၆၀၄၂၈၀၉၂၊ ၀၉- ၄၂၈၀၀၄၄၈၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အလက (၁) Grade-4မှ (ဘ)ဦးအောင်မင်းခန့် ၉/ပဥလ(နိုင်)၀၄၆၇၉၀ ၏ သမီး ရှင်းခန့်သော် အား သီရိမေဘဲလ် အောင် ဟု ယနေ့မှစ၍ အမည်ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက (ကျောက်ချက်) Grade-6 မှ မမိုးမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းအောင် ၉/လဝန(နိုင်) ၂၃၈၈၆၀ ဖြစ်ပါကြောင်း။

**ဦးရဲမင်းအောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မူလွန်-စမ်းကျ (ဘက) Grade-7တွင် ပညာသင်ကြားနေသော မောင်ကာယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဝင်း ၉/မခန(နိုင်) ၂၃၀၀၅၂ ဖြစ်ပါကြောင်း။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မူလွန်-စမ်းကျ (ဘက) Grade-3တွင် ပညာသင်ကြားနေသော (ဘ)ဦးစန်းထွေးထူး၏သမီး အမည်မှန်မှာ မဝင့်အိမ့်ချယ် ဖြစ်ပါကြောင်း။

## အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပိတောက်လမ်းနေ ဒေါ်သန်းရီ(ဘ)ဦးမောင်စိန်ထွန်း ၁၁/ကတန(နိုင်)၀၉၈၉၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်၍ရှင်းလင်းကြေညာအပ်ပါသည်-

၁၀-၆-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးအောင်ဆန်းဝင်း (ဘ-ဦးတိုးမြင့်၊ ညောင်အိုင်ကျေးရွာ၊ ရမည်းသင်းမြို့နယ်)၊ ၈/ထလန(နိုင်) ၀၄၄၇၂၉ ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ဇေယျာသိဒ္ဓိရပ်ကွက်နေသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်မြနှင်းအေး၏ အများသိစေရန်ကြေညာတွင်ဖော်ပြထားသည့် အချက်များသည် ဦးအောင်ဆန်းဝင်း အနေဖြင့် အဖြစ်မှန်များကိုဖုံးကွယ်ပြီး တစ်ဖက်သတ်စွပ်စွဲ၍ မမှန်မကန်ကြေညာထားခြင်းသာဖြစ်ပြီး၊ ထိုသို့ကြေညာခြင်းကြောင့် ကျွန်ုပ်၏အမှုသည် ဒေါ်သန်းရီအပေါ် အများကထင်ယောင်ထင်မှားဖြစ်စေခြင်း၊ ဒေါ်သန်းရီ၏ ဂုဏ်သိက္ခာထိခိုက်ခြင်းများဖြစ်ပေါ်နေရသည့်အတွက် ဦးအောင်ဆန်းဝင်းအနေဖြင့် ၁၀-၆-၂၀၂၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါကြေညာခြင်းကို ဤကြေညာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပြန်ရုပ်သိမ်းပေးရန်နှင့် ညှိနှိုင်း ဆွေးနွေးလိုပါက ကျွန်ုပ်၏အမှုသည်ထံ လာရောက်တွေ့ဆုံဆွေးနွေးရန် ပြန်လည်၍ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးကြည်၊ B.A(Law), LL.B ၊**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၆၁၅/ ၂၀-၁၂-၂၀၁၂)**
**အမှတ် (၂၃)၊ ၄ - လွှာ(ယာ)၊ မယ်ဇလီပင်လမ်း၊**
**မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ၊ Ph: 09-978568749, 09-692369677**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ယခင်အကွက်အမှတ်(၅၃-စီ/ တောရကျောင်းတောင်)၊ ဦးပိုင်အမှတ်(၄)၊ ယခုအကွက်အမှတ်(၂)/မိကျောင်းကုန်းအကွက်) ဦးပိုင်အမှတ်(၂၁၇)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိ ဒေါ်အိဇာအောင် အမည်ပေါက် နှစ် (၃၀) မြေငှားဂရန် မြေကွက်ကို ဦးဖြိုးဝေခန့် ၁၄/မအန(နိုင်)၂၇၂၃၄၄)-ဒေါ်ယမင်းထွန်း(၇/ပခန(နိုင်)၄၃၂၁၄၅) တို့က (၂၅-၇-၂၀၂၄)ရက်စွဲပါ စာချုပ်အမှတ်(၅၆/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသင်္ဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသင်္ဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၆ -၇ - ၂၀၂၆)ရက် (တနင်္လာနေ့ )
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် နေ့/အချိန်** - (၂၀- ၇ - ၂၀၂၆)ရက် (တနင်္လာနေ့ )( ၀၉ : ၃၀ ) မှ ( ၁၆ : ၃၀ ) နာရီထိ
(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - ( ၂၄ - ၇ - ၂၀၂၆ )ရက် (သောကြာနေ့)(ခန့်မှန်း)
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း မည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ၊ ဖုန်း-၀၉-၄၄၄၀၁၅၆၀၉ ၊ ၀၉-၇၈၇၇၄၇၆၄၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 87W/1459, Luojia LJ 110-9 (110), M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၇/ပတတ(နိုင်)၀၇၇၂၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/88898, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၁၄/အဂပ(နိုင်) ၀၄၅၂၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၉၁)၊ မြေကွက်အမှတ်(၅၂၉)၊ ဧရိယာ(၀.၀၃၆)ဧကရှိ ဘိုးဘပိုင်မြေ မူလအမည်ပေါက် ဦးသန်းအောင်အမည်မှ ဒေါ်ခင်ချိုချို၊ ဦးလင်းလင်းထွန်း၊ ဒေါ်ဇင်သူအောင် တို့၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ပန်းတနော်မြို့နယ်၊ မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်ဦးစီးဌာနမှူး**
**ပန်းတနော်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပန်းတနော်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ ရော(၆)လမ်း၊ မြေကွက်အမှတ်(၉၅၃/က)၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား ဒေါ်အုန်းရီ အမည်ပေါက် အလျား ပေ ၂၀ x အနံ ပေ ၆၀ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း၏ အလျား ၁၀ပေ x အနံ ပေ ၆၀ရှိ အိမ်+မီး ၊ မီတာ+ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သော ဒေါ်မြတ်ယုဇင် (ဘ)ဦးဖေသိန်း ၁၂/ဥကမ(နိုင်)၂၁၇၀၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ပိုပိုအောင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B,DBL,DIL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၁၀၈၀/ခ)၊ ဒုတိယထပ်၊ (၃)လွှာတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်ထက် (၁၂/ဥကတ(နိုင်)၁၇၃၈၉၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းလွင် (၉/မကန(နိုင်)၁၁၃၂၅၀) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရေသယ်ယာဉ်(Water Truck) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** - ၂၄-၆-၂၀၂၆ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ နောက်ဆုံး ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** - ၃၀-၆-၂၀၂၆ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၆-၇-၂၀၂၆ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့် နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ် (၄၂) ၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၁-၈၃၉၂၀၂၈ ~ ၃၀(လိုင်းခွဲ-၁၁၉)

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ (၁)လမ်း၊ အမှတ် (၁၂)မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ၂-ခန်းတွဲ၊ (၃)ထပ်ခွဲ RC တိုက်အဆောက်အအုံမှ မြေညီထပ်(ခေါင်းရင်းခန်း)(၁၂x၄၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူဖြစ်သော ဒေါ်ကြည်ကြည်မြင့်(၁၂/ဥကတ(နိုင်)၁၀၂၂၂၆)မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန့်ဇင်(၅/ကဘလ(နိုင်)၂၃၅၇၅၈)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ် ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့် ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ မှန်ခန်း(ဘီ)၊ ဇမ္ဗူသိင်္ဂီလမ်း၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၂၄၆၃၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( မြောက်ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ မြေကွက်အမှတ်(၁၁၁၅)၊ အကျယ်အဝန်း (၀.၀၅၅ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မြင့်မြင့်အေး ( ၉/မရတ(နိုင်)၀၇၃၈၀၅ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေ ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၀၀/အေ)၊ ကွင်းအကွက်အမည်(ကုန်းရွာကွင်း)၊ ဦးပိုင်လုပ်ကွက်အမှတ်(၉/ခ)၊ မြေအမျိုးအစား(R4)၊ ဒေါ်ခင်နှင်းဝေအမည်ပေါက်၊ ဧရိယာ(၆.၄၆)ဧကရှိ မြေကွက်ကြီးအတွင်းမှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသော (ပေ၂၀x ပေ၆၀)ရှိ(အရပ်ခေါ်)သပြေခြံကျေးရွာ၊ ၁-လမ်း၊ မြေကွက်အမှတ်(AA-15) မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထား ပိုင်ဆိုင်၊ စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဟန်စိုး (၁၂/မဘန(နိုင်)၁၁၄၉၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူဝင်း(၁၁/သတန(နိုင်)၁၀၃၉၄၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသိင်္ဂီလမ်း၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၇၂၄၆၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ (တောင်ပိုင်း)မြေကွက်အမှတ်-၄၅၅၊ မြေအကျယ် (ပေ၆၀xပေ၄၀)ရှိ ဦးလွန်းရွှေ အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့် မြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပြီး လက်ရှိထား ပိုင်ဆိုင်သူ ဦးလှဦး (၁၂/သကတ(နိုင်)၂၁၅၃၆၀) ထံမှ ဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်တော့်ထံလာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်း အဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးလှိုင်ဘွား (LL.B) | ဒေါ်မေသိင်္ဂီလှိုင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၈၁၃၀/၂၀၁၂ | စဉ်-၁၅၇၃၄/၂၀၁၉ |
| ဖုန်း-၀၉-၈၉၂၇၅၅၀၁၂ | ဖုန်း-၀၉-၇၉၆၈၃၄၇၃၄ |

အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

## ဖခင်အမည်မှန်နှင့်မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အထက(၂)Grade-9 ကျောင်းသူ မသီသီထွန်း နှင့် အလက(၂၀) Grade-4 ကျောင်းသူ မကေရီထွန်း တို့၏ ဖခင် ဦးမောင်အေး ၈/မသန(နိုင်) ၀၇၆၇၀၁ နှင့် မိခင် ဒေါ်မာမာအေး ၈/မသန(နိုင်)၀၇၂၂၄၂ ဖြစ်ပါကြောင်း။

**ဦးမောင်အေး- ဒေါ်မာမာအေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6602 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/6714+ 3R/6705+3TLR/1387 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် **ယခင်**ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၆၃၆၉, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၆/ထဝန(နိုင်)၀၂၄၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

